# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၈ ရက် ကြာသပတေးနေ့။ Thursday, 18 May 2017 (၈၉၂၈)


# ပြန်လည်ထွက်ခွာတော့မည့် ပါကစ္စတန်သံအမတ်ကြီးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၇**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ehsan Ullah Batth အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ အစိုးရအဖွဲ့များအကြား အဆင့်မြင့်ခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ကူမင်းမြို့၌ ကျင်းပသည့် နှင်းဆီပန်းမျိုးစိတ်သစ် အမည်ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ပေကျင်းမြို့မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E.Mr. Chen Shum၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် “အောင်ဆန်းစုကြည် နှင်းဆီ” နှင်းဆီပန်းမျိုးစိတ်သစ် အမည်ပေးအပ်ခြင်း အခမ်းအနားတွင် နှင်းဆီပင်အား ရေလောင်းနေစဉ်။**


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့

စာမျက်နှာ » ၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ





စာမျက်နှာ » ၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မနီလာမြို့ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ





စာမျက်နှာ » ၅



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်




Union Peace Conference - 21st Century Panglong - second session

## ကြေးမုံ

# ကလေးငယ်များ ပြောင့်ဖြူးစွာကျောင်းတက်နိုင်ရေး

မကြာမီရက်ပိုင်းတွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကျောင်းများစတင်ဖွင့်လှစ်ရာတွင် မိဘပြည်သူများ အထူးတလည်စိတ်ဆန္ဒပြင်းပြကြသည်မှာ ရန်ကုန်မြို့တွင်းမှ အခြေခံပညာကျောင်းများပင်ဖြစ်သည်။ အထူးသဖြင့် ရန်ကုန်မြို့အတွင်း အချက်အချာကျသောလမ်းများပေါ်မှ ထင်ရှားကျော်ကြားသည့် အခြေခံပညာကျောင်းများဟုဆိုလျှင် မှားမည်မထင်။

မိဘပြည်သူများ မိမိတို့၏ရင်သွေးငယ်များအား ကျောင်းအပ်နှံရေး၊ ကျောင်းပို့ဆောင်ရေးတို့ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေချိန်တွင် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုနှင့်ဆက်စပ်၍ ကျောင်းကားအစီအစဉ်တစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြင်ဆင်ဆောင်ရွက်လာမှုအား သတင်းစာမျက်နှာများတွင် မြင်တွေ့လိုက်ရသဖြင့် ကျောင်းသားမိဘများ ပိုမိုစိတ်ဝင်စားကြလိမ့်မည်ဟု ထင်မြင်မိပါသည်။

ယခင်စာသင်နှစ်များအတွင်းက ရန်ကုန်မြို့တွင်း အဆိုပါကျောင်းများတွင် ကျောင်းတက်/ကျောင်းဆင်းချိန်၌ ပညာသင်ကျောင်းသားပမာဏထက် ကျောင်းကြိုကျောင်းပို့ပမာဏက ပိုမိုများပြားခဲ့သည်ကို တွေ့ရသည်။ ထိုအခါ ကျောင်းတက်/ကျောင်းဆင်းချိန်များတွင် လမ်းမများပေါ်၌ လူနှင့်ယာဉ်များ ပြည့်ကျပ်နေပြီး ယာဉ်ကြောပိတ်ဆို့ကာ လမ်းသွားလမ်းလာများ အခက်အခဲဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည်။

အဆိုပါအခက်အခဲကို ဖြေလျှော့နိုင်ရန်အတွက် ဆောင်ရွက်လာသော ကျောင်းကားအစီအစဉ်သစ်ကို ကြိုဆိုရမည်ဖြစ်သည်။ အစီအစဉ်သစ်တစ်ခုကို ဆောင်ရွက်ရာတွင် အခြေအနေအရပ်ရပ်ကို လက်တွေ့ကွင်းဆင်းလေ့လာဆန်းစစ်ကာ ဖြစ်နိုင်ခြေအကောင်းဆုံးနည်းလမ်းကို ရှာဖွေဆောင်ရွက်ကြရသည်။ ကြုံတွေ့နိုင်သည့်စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်တို့ကို ထည့်သွင်းစဉ်းစားထားကြရသည်။

ကျောင်းသားမိဘ၊ ဆရာနှင့် ကျောင်းကားပို့ဆောင်ရေး စီစဉ်ဆောင်ရွက်သူတို့ သုံးပွင့်ဆိုင် ကြိုတင်စီစဉ်ညှိနှိုင်းဆောင်ရွက်ထားလိမ့်မည်ဟု မျှော်လင့်ပါသည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၂၀ ကျော်အတွက် ကျောင်းကားအစီး ၂၀၀ ဝယ်ယူမည်ဖြစ်ပြီး ကျောင်းတစ်ကျောင်းလျှင် ၁၀ စီးခန့်ဖြင့် ပြေးဆွဲပေးမည့်သဘောဖြစ်သည်။

အစီအစဉ်တစ်ခုကို ချမှတ်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသောမူဝါဒကို အတိအကျ လိုက်နာဆောင်ရွက်နိုင်မှ၊ လိုက်နာဆောင်ရွက်နိုင်အောင်လည်း စီစဉ်ဆောင်ရွက်မှ ထိုလုပ်ငန်းအောင်မြင်မည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားမိဘနှင့် သယ်ယူပို့ဆောင်ပေးမည့်သူများ၏ သဘောထားအမှန်ကိုလည်း သိရှိထားပြီး အကောင်းဆုံးအနေအထားဖြစ်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ကျောင်းကားဦးစားပေးပြေးဆွဲမည့် ကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကလေးသူငယ်များမှာ မိဘများ၏အလေးထား ဦးစားပေးခံရသူများဖြစ်နေခြင်းသည် အဓိကစိန်ခေါ်မှုပင်ဖြစ်သည်။ အဆိုပါကလေးငယ်အများစုမှာ ကျောင်းပြင်ပအစီအစဉ်များရှိနေကြပြီး ကျောင်းဆင်းအပြီး အချိန်မီပြန်လိုကြသူများဖြစ်၍ ကိုယ်ပိုင်ကားဖြင့် ကျောင်းတက်ကြသူများဖြစ်သည်။

ယခုအစီအစဉ်သစ်ကို အကောင်အထည်ဖော်ရာတွင် ကျောင်းသားအားလုံး တစ်ပြေးညီ တစ်ပြိုင်နက် ကျောင်းတက်/ကျောင်းဆင်း ပြုကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်အောင်လည်း ကျောင်းသားအရေအတွက်နှင့် ကျောင်းကားလမ်းကြောင်း အချိန်မီ အချိန်ကိုက်ဖြစ်နိုင်အောင်၊ လမ်းမများပေါ်တွင် အချိန်မကုန်အောင် စီစဉ်ဆောင်ရွက်ထားလိမ့်မည်။ အဆိုပါအစီအစဉ်ကို လူတန်းစားမရွေး အညီအမျှပါဝင်လာပြီး ကျောင်း ကားစီးမည့် ကျောင်းသား ကျောင်းသူများအတွက် လုံခြုံစိတ်ချရေးတွင်လည်း မိဘများကျေနပ်အောင် စီမံဆောင်ရွက်ထားလိမ့်မည်ဟု မျှော်လင့်ပါသည်။

အကယ်၍ အဆင်မပြေမှုများကြုံတွေ့လာကြပြီးနောက် မိမိအစီအစဉ်ဖြင့် ပြန်လည်ဆောင်ရွက်ကြလျှင် ဒုံရင်းဒုံရင်းအတိုင်း ဖြစ်နိုင်သည်ကိုလည်း သတိမူရမည်ဖြစ်သည်။ မိမိအစီအစဉ်ဖြင့် ကျောင်းပြန်သည်ဆိုရာ၌ အဓိကမှာ ကိုယ်ပိုင်ကားများဖြင့် ကျောင်းသားများအား ကြိုပို့မလုပ်ရေးပင်ဖြစ်သည်။ ယင်းကိုကျော်လွှားနိုင်မည်ဆိုပါက ကျောင်းကားအစီအစဉ်သစ် အောင်မြင်မည်ဖြစ်ပြီး လမ်းပိတ်ဆို့မှုလည်း လျော့ကျသွားနိုင်မည်ဖြစ်၍ ကျောင်းကားအစီအစဉ်သစ်တွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ(၂၀၁၈-၂၀၁၉) လုပ်ငန်းစဉ် ရှင်းလင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မေ ၁၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (၂၀၁၈-၂၀၁၉) လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရန်ပုံငွေထောက်ပံ့ပေးသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိထိရောက်သော လုပ်ငန်းများတွင် ဦးစားပေးသုံးစွဲရန်နှင့် ကုန်ကျစရိတ်နှင့်လျော်ညီသော အလေအလွင့်မရှိသော လုပ်ငန်းဖြစ်ရန် လိုအပ်ပါကြောင်း၊ စီမံချက်မန်နေဂျာများက မိမိတို့စီမံချက်အလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ လုပ်ငန်းစီမံချက်များကို ရေးဆွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်က အမှာစကားပြောကြားသည်။

ထို့နောက် ဦးစီးဌာနများအလိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်များမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက (၂၀၁၈-၂၀၁၉) အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လက်ရှိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



**နေပြည်တော် မေ ၁၇**

ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၄ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး (နေပြည်တော်)၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေး၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက နေပြည်တော်အတွင်းရှိ ယာဉ်မောင်းသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၅၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည်များကို အသိပညာပေးဟောပြောခြင်း၊ ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခြင်းများ ပြုလုပ်ပေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ရွှေရဲရင့်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်(ရွှေဈေး) ၉၀၄၀၀၀ - ၉၀၄၀၀၀ မန္တလေး(ရွှေဈေး) ၉၀၄၀၀၀ - ၉၀၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၇၅/၆၉၅ ကျပ်၊ | ၇၀၅/၇၁၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၂၅/၇၄၀ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၅/၇၀၀ ကျပ်၊ | ၇၃၀/၇၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၉၅/၇၁၅ ကျပ်၊ | ၇၃၀/၇၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၀/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၀/၆၅၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၄၀/၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၁၃. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၀၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၅၈၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၅. ၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၉၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၁. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၀၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၁. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၇. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပြည်သူနှင့်အတူ

✪ **ကူမင်းမြို့မှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာချန်ဟောင်နှင့် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကူမင်းမြို့ရှိ Hai Geng Garden Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံ၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် Hai Geng Garden Hotel ၌ ကျင်းပသည့် နှင်းဆီပန်းမျိုးစိတ်သစ် အမည်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မျိုးစိတ်ပညာရှင်က နှင်းဆီပန်းမျိုးစိတ်သစ် ဖန်တီးခဲ့မှုနှင့် နှင်းဆီပန်းမျိုးစိတ်သစ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ နှင်းဆီပန်းမျိုးစိတ်သစ်အမည်ပေးအပ်ခြင်း အထိမ်းအမှတ် မှတ်တမ်းကို ပေးအပ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုသောအားဖြင့် နှင်းဆီပန်း၏ အမည်ကို "အောင်ဆန်းစုကြည်နှင်းဆီ" ဟု အမည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူးက အဆိုပါဟိုတယ်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ကူမင်းမြို့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E.Mr. Chen Shum၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးယာယီတာဝန်ခံ မစ္စတာ ချမ်းချမ်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

## ပါကစ္စတန်နိုင်ငံသံအမတ်ကြီးအဖြစ် ဦးဝင်းမြင့်အား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ သံအမတ် ဦးဝင်းမြင့်အား ပါကစ္စတန် အစ္စလာမ်စ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သထုံခရိုင်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်

**သထုံ မေ ၁၇**

မွန်ပြည်နယ် သထုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့နယ်လေးမြို့နယ်၌ ကျေးလက်ကျောက်ချောလမ်း ၂/၇ ဒသမ ၁၅ မိုင် ဆောင်ရွက်နိုင်ရန် ခွင့်ပြုရန်ပုံငွေကျပ် ၃၅၇ ဒသမ ၅၅၅ သန်း၊ တံတားလေးစင်းနှင့် ရေပြွန်ခုနစ်စင်းဆောင်ရွက်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၅၃၆ သန်း၊ ရေပေးရေးလုပ်ငန်းများဖြစ်သည့် တွင်းနက်ခြောက်တွင်း၊ လက်တူးတွင်း လေးတွင်း၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း သုံးခုနှင့် အခြားရေရရှိနိုင်မည့် နည်းလမ်းဖြင့် ဆောင်ရွက်မည့်ရေပေးရေးလုပ်ငန်း ၁၀ ခု စုစုပေါင်း ရေပေးရေးလုပ်ငန်း ၂၃ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၂၂ ဒသမ ၈၉၁ သန်းဖြင့် ကျေးလက်လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် စုစုပေါင်း ကျပ် ၁၁၁၆ ဒသမ ၄၄၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ



**နေပြည်တော် မေ ၁၇**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတH.E.Mr. Tran Dai Quang အား သမ္မတနန်းတော်သို့ သွားရောက်၍ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဓာတ်ပုံ)** **(သတင်းစဉ်)**

## အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း (၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၁၇**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်သို့ တက်ရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ ခရီးစဉ်အတွင်း အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Sheikh Mohammed bin Abdulrahman bin Jassim Al-Thani နှင့် မေ ၁၃ ရက် ညနေ ၄ နာရီတွင် ဒိုဟာမြို့ Sheraton Hotel ၌ လည်းကောင်း၊ ကာတာနိုင်ငံ ဥပဒေရေးရာနှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ H.E. Nasser Serayea Al Kaabi နှင့် မေ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင်Advisory Council ရုံး အဆောက်အအုံ၌ လည်းကောင်း



တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ကာတာနိုင်ငံတွင် ဥပဒေမူကြမ်းကို Council of Minister က ရေးဆွဲကြောင်း၊ လွှတ်တော်သို့ ဥပဒေကြမ်းရောက်ရှိချိန်တွင် ဥပဒေရေးရာနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီက လေ့လာသုံးသပ်ကြောင်း၊ ထို့နောက် Advisory Council က အတည်ပြုပြဋ္ဌာန်းကြောင်း ကာတာနိုင်ငံ ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားမှုအပေါ် အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုကို ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြစိမ်းရောင်စီမံကိန်း မြို့နယ်အဆင့် သုံးသပ်ပွဲကျင်းပ



**ဒေးဒရဲ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဆိုင်ရာ မြို့နယ်အဆင့် ဆန်းစစ်လေ့လာအဖြေရှာသုံးသပ်ပွဲ အခမ်းအနားကို မေလ ဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ဒေးဒရဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေယျာလင်းက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီဝင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြရာ မြို့နယ်ကော်မတီတာဝန်ရှိသူများက လိုအပ်ချက်များ ဖြည့်စွက်အကြံပြုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(သပြေထွန်း)**



## ကက်ရှ်မီးယားပြဿနာကြောင့် စီးပွားရေးစင်္ကြံလမ်းတွင် အိန္ဒိယပါဝင်ရန် ခက်ခဲသည်ဟု သီရိလင်္ကာပြော

**ကိုလံဘို မေ ၁၇**

ကက်ရှ်မီးယားပြဿနာနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံ၏ စိုးရိမ်ပူပန်မှုကို မိမိတို့ထောက်ခံကြောင်း၊ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းအစီအစဉ်ကို လက်ခံရန် အိန္ဒိယအစိုးရအဖွဲ့အနေဖြင့် အခက်အခဲရှိလိမ့်မည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရအဖွဲ့၏ အထူးရေးရာများဆိုင်ရာဝန်ကြီး ဆာရတ်အမာနုဂါမက မေ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

သီရိလင်္ကာဝန်ကြီးချုပ် ဝိကရမာဆင်းဟာနှင့်အတူ တရုတ်နိုင်ငံ၌ ကျင်းပသည့် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ခဲ့သူ အမာနုဂါမက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၌ကျင်းပခဲ့သော ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဆွေးနွေးပွဲသို့ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်းမရှိပေ။ အိန္ဒိယနိုင်ငံမှ ပညာရှင်အချို့ကသာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းသည် အိန္ဒိယအကျိုးစီးပွားများ၏အချက်အချာဟု တင်စားခေါ်ဝေါ်သော ကက်ရှ်မီးယားဒေသကို ဖြတ်သန်းရမည်ဖြစ်သည်။

အကယ်၍ ကက်ရှ်မီးယားပြဿနာမရှိခဲ့ပါလျှင် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်တွင် အိန္ဒိယပါဝင်မည်သာဖြစ်ကြောင်း၊ အချုပ်အခြာအာဏာထိပါးသော ကက်ရှ်မီးယားပြဿနာနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံက လိုက်လျောပေးရန် ခက်ခဲမည်ဖြစ်ကြောင်း အမာနုဂါမက ပြောကြားသည်။

**ပီတီအိုင်။**

## ဂျော်ဒန်နိုင်ငံအနီး ဆီးရီးယားဒုက္ခသည်စခန်းတွင် ကားဗုံးပေါက်ကွဲ

**ဒမတ်စကတ် မေ ၁၇**

ဂျော်ဒန်နိုင်ငံနှင့် နီးကပ်သည့် ဆီးရီးယားဒုက္ခသည်စခန်းတစ်ခုတွင် မေ ၁၇ ရက်က ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည့်အတွက် လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

ပေါက်ကွဲမှုသည် ဂျော်ဒန်နိုင်ငံမြောက်ပိုင်း ရွှေ့တန်းစခန်းတစ်ခုအနီး ဆီးရီးယားနိုင်ငံတောင်ပိုင်းရှိ ရုခ်ဘန်ဒုက္ခသည်စခန်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။ သေဆုံးသူအရေအတွက် အတိအကျ ပြောကြားခြင်းမရှိသေးပေ။

ပေါက်ကွဲမှုသည် ယခုတစ်ပတ်အတွင်း ဒုတိယအကြိမ်ပေါက်ကွဲခြင်းဖြစ်ပြီး အဆိုပါဒုက္ခသည်စခန်းတွင်ပင် တနင်္လာနေ့က ပေါက်ကွဲမှုတွင် လူ ၁၀ ဦးသေဆုံးပြီး ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက ပြောကြားသည်။ ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ပြောကြားသည်။

ရုခ်ဘန်ဒုက္ခသည်စခန်းသည် အိုင်အက်စ်တို့ ထိန်းချုပ်ထားသည့် နယ်မြေမှ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထွက်ပြေးလာသည့် အရပ်သား ၁၀၀၀၀၀ ခန့် ခိုလှုံနေသည့် ဒုက္ခသည်စခန်းဖြစ်သည်။

**ဆင်ဟွာ။**

## မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့မှုကို တောင်ကိုရီးယားရှိ ဒုံးခွင်းဒုံးစနစ်က ထောက်လှမ်းသိရှိခဲ့

**ဆိုးလ် မေ ၁၇**

မြောက်ကိုရီးယားနိုင်ငံက မေ ၁၄ ရက်တွင် ဒုံးကျည်စမ်းသပ်ပစ်ခတ်ခဲ့ခြင်းကို တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်လက စတင်ဖြန့်ကြက်ထားသော သီအိပ်ချ်အေအေဒီ ဒုံးခွင်းဒုံးစနစ်က ထောက်လှမ်းသိရှိခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဟန်မင်ကူးက ပါလီမန်အမတ်များအား မေ ၁၆ ရက်တွင် ပြောကြားလိုက်သည်။

မြောက်ကိုရီးယား၏ဒုံးကျည်အစီအစဉ်သည် မိမိတို့မျှော်လင့်ခဲ့သည်ထက်ပင် လျင်မြန်စွာ တိုးတက်မှုရရှိနေကြောင်း ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက တာဝေးပစ်ဒုံးကျည်တစ်စင်းကို ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်က စမ်းသပ်ပစ်ခတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချခဲ့ပြီးနောက် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ပါလီမန်အစည်းအဝေးတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

**ရိုက်တာ။**





## ဂျပန်တော်ဝင်မင်းသမီး မာကို ချစ်သူနှင့် စေ့စပ်ကြောင်းလမ်းမည်

**တိုကျို မေ ၁၇**

ဂျပန်မင်းသမီး မာကိုက တက္ကသိုလ်တွင် တွေ့ဆုံခဲ့သည့် သူ၏ချစ်သူနှင့် စေ့စပ်တော့မည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

အသက်(၂၅)အရွယ်ရှိပြီဖြစ်သော မင်းသမီး မာကိုသည် လက်ရှိ ဧကရာဇ်ဘုရင်၏ ဒုတိယမြောက်သားတော် မင်းသား အာကီရှီနို၏ အကြီးဆုံးသမီးဖြစ်သည်။

မင်းသမီးသည် တိုကျိုမြို့အနီးရှိ ယိုကိုဟားမားမြို့တွင် နေထိုင်သော ကိုင်ကိုမူရိုနှင့် စေ့စပ်မည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ရေးသားဖော်ပြကြသည်။ ၎င်းတို့ချစ်သူနှစ်ဦးသည် တိုကျိုမြို့ရှိ တက္ကသိုလ်တစ်ခုတွင် အတူတကွ ပညာတော်သင်ခဲ့ကြသည်။

စေ့စပ်ကြောင်းလမ်းပြီးနောက် ချစ်သူနှစ်ဦးအနေဖြင့် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။ လက်ထပ်မင်္ဂလာပွဲကို လာမည့်နှစ်အတွင်း ကျင်းပနိုင်ဖွယ်ရှိကြောင်း အချို့သော သတင်းအရင်းအမြစ်များက ဆိုသည်။

မင်းသမီး မာကို၏ နှလုံးသားကို ပိုင်စိုးနိုင်သော ကိုင်ကိုမူရိုသည် အသက်(၂၅) အရွယ်ရှိပြီး ဘွဲ့ရတစ်ဦးဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်အကြာက တိုကျိုမြို့၏ ရှင်ဘူရာရပ်ကွက်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ကျင်းပခဲ့သည့် နိုင်ငံခြားပညာတော်သင်ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးသော ပါတီပွဲတစ်ခုတွင် နှစ်ဦးသားတွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ကိုင်ကိုမူရိုသည် ကာနာဂါဝါစီရင်စုရှိ ရှုနန်ကမ်းခြေများ ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီခဲ့ကြောင်း သတင်းများအရ သိရသည်။

မင်းသမီး မာကိုအနေဖြင့် တစ်ဦးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြားမည်ဆိုပါက ဘုရင့်အမျိုးအနွယ် မင်းသမီးအရိုက်အရာကို စွန့်လွှတ်ရမည်ဖြစ်ပြီး သာမန်ပြည်သူတစ်ဦးကဲ့သို့သာ နေထိုင်သွားရမည်ဖြစ်သည်။

ချစ်သူနှစ်ဦးအနေဖြင့် လက်ထပ်မည့်အရေးအတွက် အချိန်အနည်းငယ်ကြာမြင့်မည်ဖြစ်သည်။ ပထမဦးဆုံးအနေဖြင့် စေ့စပ်ကြောင်းလမ်းခြင်းဆိုင်ရာ ကြေညာချက် ထုတ်ပြန်ရမည်ဖြစ်သည်။ ထို့ပြင် လက်ထပ်ထိမ်းမြားမည့်ရက်ကောင်းရက်မြတ်ကို ရွေးချယ်ရမည်ဖြစ်ပြီး ဧကရာဇ်ဘုရင်နှင့် မိဘုရားကြီးထံသို့ တရားဝင်အစီရင်ခံစာ တင်သွင်းရမည်ဖြစ်သည်။

မင်းသမီး မာကိုက သူ့ချစ်သူ ကိုင်ကိုမူရိုအား မိဘများနှင့် တွေ့ဆုံပေးပြီးဖြစ်ကြောင်းနှင့် မိဘများကလည်း ၎င်းတို့နှစ်ဦးအား သဘောတူညီမှုရှိကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ မင်းသမီးမာကိုက အချစ်ဆိုသည့် ခေါင်းစဉ်အောက်တွင် သူရရှိထားသော တော်ဝင်မင်းသမီးအရိုက်အရာကို စွန့်ပယ်ကာ ချစ်သူနှင့် လက်ထပ်ရန် ဆုံးဖြတ်ထားပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

## အာဖဂန်နစ္စတန်ရုပ်မြင်သံကြားဌာနအား တိုက်ခိုက်ခဲ့ကြောင်း အိုင်အက်စ်အဖွဲ့ပြောကြား

**ဂျလာလာဘတ် မေ ၁၇**



အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်ရှိ နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနကို မိမိတို့အဖွဲ့က အသေခံတိုက်ခိုက်ခဲ့ကြောင်း အစ္စလာမ့်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က မေ ၁၇ ရက်တွင် ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် ရုပ်မြင်သံကြားဌာနစောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၊ အိုင်အက်စ်တိုက်ခိုက်ရေးသမားသုံးဦး သေဆုံးပြီး ၁၇ ဦးထက်မနည်းထိခိုက်ဒဏ်ရာရခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဒေးယက်ရှ်ဟု ထင်ရှားသည့် အိုင်အက်စ်တို့သည် ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နန်ဂါဟာပြည်နယ်တွင် ခြေကုပ်စခန်းထူထောင်ထားပြီး အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့များနှင့် တာလီဘန်တို့အား တိုက်ခိုက်နေသည်။

အသေခံတိုက်ခိုက်ရေးသမားနှစ်ဦးသည် ၎င်းတို့ကိုယ်တွင်တပ်ဆင်ထားသောဗုံးများကို ဖောက်ခွဲကာ တိုက်ခိုက်မှုကို စတင်ခဲ့သည်။ တတိယမြောက်တိုက်ခိုက်ရေးသမားမှာမူ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်ရင်း သေဆုံးသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရသူ ၁၇ ဦးအနက်မှ ကိုးဦးအား ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုပေးနေကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ အိုင်အက်စ်တပ်ဖွဲ့များသည် မကြာသေးမီကာလအတွင်းက အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုနှင့် အထူးတပ်ဖွဲ့များ၏တိုက်ခိုက်မှုများကို အပြင်းအထန်ခံစားခဲ့ကြရသည်။ **ဆင်ဟွာ။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မနီလာမြို့ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၁၇**

(၁၄)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘော အစည်းအဝေး (14th ACD-FIM) တက်ရောက်ရန်အတွက် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မနီလာမြို့ရှိ အထင်ကရနေရာများကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် Rizal Park သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Malacanang Museum ပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်းရှိ ဖိလစ်ပိုင်သမ္မတများနှင့် ပတ်သက်သည့် အမှတ်တရပစ္စည်းများ ပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံ၏ ခံတပ်စခန်းဟောင်းတစ်ခုဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ မြို့ဟောင်းတစ်ခုဖြစ်သည့် Intramuros အတွင်းရှိ Fort Santiago အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Souvone LEUANGBOUNMY နှင့်လည်းကောင်း၊ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Surapong Suwana-adth နှင့် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Eduardo M. Ano နှင့်လည်းကောင်း၊ စင်ကာပူနိုင်ငံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt. Gen. Perry Lim နှင့်လည်းကောင်း၊ အင်ဒိုနီးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Gatot Nurmantyo နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်လေ့လာချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၇**

ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်လေ့လာချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပရာ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂအစီရင်ခံစာများအရ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတွင် မိမိတို့နိုင်ငံသည် နိုင်ငံ ၁၇၁ နိုင်ငံတွင်အဆင့် ၄၂ တွင်ရှိပြီး လူသားများဖန်တီးသည့်ဘေးများကို ထည့်သွင်းတွက်ချက်ပါက နိုင်ငံ ၁၉၁ နိုင်ငံတွင် အဆင့် ၁၂ တွင် ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပဋိပက္ခချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရေးသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၆ ဒသမ ၄ သန်းသည် ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခု အချိုးညီညီဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ သို့သော်လည်းဖွံ့ဖြိုးတိုးတက်မှု နည်းပါးနောက်ကျလျက်ရှိသော ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ပဋိပက္ခဖြစ်ပွားမှုများရှိပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေပါကြောင်း၊ အစီရင်ခံစာများအရ ၂၀၁၇ ခုနှစ် ဧပြီလအထိ ရခိုင်ပြည်နယ်တွင် နေရပ်စွန့်ခွာတိမ်းရှောင်သူဦးရေ ၁၂၀၀၀၀ ခန့်ရှိပါကြောင်း၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်



ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိပြီး ကော်မတီအနေဖြင့်လည်း ရခိုင်ပြည်နယ်တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကတစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၃၆၅၆ ဒသမ ၈၄၀ သန်းကိုသုံးစွဲပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၆ မြို့နယ်တွင် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ် ၄၁၆၄ ဒသမ ၃၂၅ သန်းကို လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းလုပ်ငန်းများတွင် ထောက်ပံ့ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကရေးဆွဲထားသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ငါးနှစ် စီမံကိန်းကိုလည်း တိုက်တွန်းအားပေးပြီး ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နှင့် MoU, LoA ရေးထိုးထားသည့် အဖွဲ့ ၁၉ ဖွဲ့အနက် ၁၂ ဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါအဖွဲ့အစည်းများအနေဖြင့် ရည်ရွယ်ချက်ကောင်းကောင်းနှင့် ထိရောက်စွာဆောင်ရွက်ရန်လိုကြောင်း၊ ပဋိပက္ခချုပ်ငြိမ်းရေးဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုတစ်ပြိုင်နက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ Camp များတွင် ယာယီနေထိုင်စဉ်ကာလအတွင်း အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ Smart အထည်ချုပ်စက်ရုံနှင့်ရွှေကျားရက်ကန်းအလုပ်ရုံတို့ကို အစိုးရနှင့် ရခိုင်ပြည်သူတို့ပူးပေါင်းပြီး ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် ဒေသခံများအလုပ်အကိုင်ရရှိရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

အစိုးရအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားလုပ်ငန်းများကို Private – Public – Partnership ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများမှ ဖွံ့ဖြိုးမှုကိုဦးတည်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေး၏အခြေခံဖြစ်သော ငြိမ်းချမ်းရေးကိုဦးတည်သည့် ဆန်းစစ်ချက်များ ဖြစ်စေရေး၊ လူမှုသဟဇာတဖြစ်မှုကို အဓိကအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလူသားချင်းစာနာကူညီမှုဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ဌာနေညှိနှိုင်းရေးမှူး Ms. Renata Dessallien က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်မှန်းချက်များနှင့် လူမှုသဟဇာတဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန် နည်းလမ်းများကိုရှင်းလင်းခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွတ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုရှေ့နေချုပ် ပြည်ပမှ ဥပဒေပညာရှင်အဖွဲ့များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ယနေ့ နံနက် ၁၀ နာရီတွင် UNDP နှင့် My Justice တို့မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် My Justice Programme Team Leader နှင့် International Bridges to Justice(IBJ) အဖွဲ့မှ တာဝန်ရှိသူတို့အား ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

UNDP၊ My Justice တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အကြံပေးအဖွဲ့ ဖွဲ့စည်းရန်နှင့် လုပ်ငန်းတာဝန်များသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ My Justice Programme Team Leader Ms. Caitlin Reiger နှင့် IBJ မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံစဉ် Justice Centres များ တိုးချဲ့မည့်ကိစ္စရပ်များ၊ IBJ မှ My Justice နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၁၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ဗြိတိန်၊ EU တွဲရေး၊ ခွဲရေး ပြဿနာ BREXIT

ကြည်သာ(ဂွ)

Brexit ဆိုတဲ့ ဝေါဟာရတစ်ခု ခုတစ်လောပေါ်ထွက်လာပြီး လူပြောသူပြောများနေပါတယ်။ ဒီဝေါဟာရက ဗြိတိန် Britain ထွက်ခွာခြင်း Exit ဆိုတဲ့ စကားလုံးနှစ်ခုကို ပေါင်းစပ်ပြီး Brexit လို့ဖြစ်လာတာပါ။ EU ဆိုတဲ့ ဥရောပသမဂ္ဂနဲ့ ပတ်သက်တဲ့အဖွဲ့အစည်းတွေက ဗြိတိန်နိုင်ငံက ခွဲထွက်မယ့်ကိစ္စပါ။

ဗြိတိန်နိုင်ငံ၊ ဗြိတိသျှလူမျိုးစသည့် အခေါ်အဝေါ်များကို ရှေးခေတ်မြန်မာနိုင်ငံ လူကြီးများလက်ထက်ကပင် နားယဉ်ပါးခဲ့တယ်။ နှစ်ပေါင်းတစ်ရာကျော်ဗြိတိသျှတို့ အုပ်ချုပ်မှုလက်အောက်မှာနေခဲ့ရတော့ ကြားနေကျစကားတွေဖြစ်လာခဲ့တာပေါ့။ ဗြိတိန်ဆိုတာ ကျွန်းငယ်ပေါင်းတစ်ထောင်ခန့်ပါရှိတဲ့ ကျွန်းစုနိုင်ငံကြီးပါ။ စုစုပေါင်းအကျယ်အဝန်းက အကြမ်းဖျင်း မြန်မာနိုင်ငံရဲ့ သုံးပုံတစ်ပုံကျော်ပဲရှိပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ကျွန်းများထဲမှာ နဝမမြောက်အကျယ်ဆုံးကျွန်းပါပဲ။

ဒီကျွန်းပေါ်မှာ အင်္ဂလိပ်လူမျိုးတွေရဲ့ အင်္ဂလန်နိုင်ငံ၊ ဝေးလ်လူမျိုးတွေရဲ့ ဝေးလ်နိုင်ငံ၊ စကော့တလန်လူမျိုးတွေရဲ့ စကော့တလန်နိုင်ငံ၊ ဗြိတိန်ကျွန်းကြီးရဲ့ အနောက်ဘက်ကပ်လျက် အိုင်ယာလန်ကျွန်းရဲ့မြောက်ပိုင်းက မြောက်ပိုင်း အိုင်ယာလန် Northen Ireland နိုင်ငံစတဲ့ နိုင်ငံလေးခုကိုစုပေါင်းပြီး United Kingdom U.K နိုင်ငံလို့

**ဘာပဲပြောပြော အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုးမပိုင်လျှင် နောင်ပြင်ရန်ခဲယဉ်းသည် ဆိုသည့်စကားအတိုင်း ဗြိတိန်သည် အနှစ် ၄၄ နှစ်ကျော် ပေါင်းသင်းခဲ့တဲ့ EU မှ ခွဲထွက်ကွာရှင်းရမည့် ကိစ္စကို ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်အထိ ကာလအတွင်း ခက်ခက်ခဲခဲ ဆက်လုပ်ရမှာသာဖြစ်ပါကြောင်း။**

ခေါ်တွင်သလို Great Britain လို့လည်းခေါ်ပါတယ်။ ဒီလိုပေါင်းစည်းလာတာ အနှစ်သုံးရာကျော်လာပါပြီ။ ကမ္ဘာ့စီးပွားရေးအဆင့်(၅)မှာရှိပြီး ကမ္ဘာ့စီးပွားရေးအချက်အချာ World Financial Center ဒေသအဖြစ်လည်း တည်ရှိနေပါတယ်။

ဥရောပသမဂ္ဂ (European Union - EU)လို့ခေါ်တဲ့ နိုင်ငံရေးစီးပွားရေးအဖွဲ့အစည်းကြီးဆိုတာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၈ ခုနှစ် ဒတ်ချ်တွေရဲ့ဘယ်လ်ဂျီယံနိုင်ငံက သည်ဟိဂ် (The Hague) မြို့မှာကျင်းပခဲ့တဲ့ ကွန်ဂရက် Hague Congress ကစတင်သန္ဓေတည်ပြီး ၁၉၅၇ ခုနှစ် မတ်လ ၂၅ ရက်နေ့မှာ ရောမမြို့မှာ လက်မှတ်ရေးထိုးတဲ့ Treaty of Rome စာချုပ်ကစပါတယ်။ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်နဲ့ အနောက်ဂျာမနီစတဲ့ နိုင်ငံခြောက်နိုင်ငံက ၁၉၅၈ ခုနှစ် ဇန်နဝါရီလမှာ စတင်ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းကြီးပါ။

ခုတော့ နိုင်ငံပေါင်း ၂၈ နိုင်ငံပါဝင်လာတဲ့အထိ ကြီးမားလာပါပြီ။ ဒီနိုင်ငံတွေအားလုံး ပေါင်းလိုက်ရင် စတုရန်းမိုင် ၁ ဒသမ ၇၂ သန်းရှိပြီး လူဦးရေသန်း ၅၁၀ နေထိုင်ပါတယ်။ ဒီနိုင်ငံတွေစုပေါင်းပြီး an internal single market ဆိုတဲ့ တစ်ခုတည်းသောဈေးကွက်စနစ်ကို ထူထောင်ထားပါတယ်။ ၂၀၁၆ ခုနှစ် ကိန်းဂဏန်းများအရ EU ရဲ့ GDP ဟာ ဒေါ်လာ ၁၆ ဒသမ ၄၇၇ ထရီလီယံ ရှိတာမို့ ကမ္ဘာ့ GDP ရဲ့ ၂၂ ဒသမ ၂ ရာခိုင်နှုန်း ရှိတယ်ဆိုပါတယ်။ ဒါ့အပြင် EU ဟာ ၂၀၁၂ ခုနှစ်မှာ ဒေသအတွင်း ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကိစ္စများဆောင်ရွက်မှုတွေကြောင့် ငြိမ်းချမ်းရေး နိုဘယ်လ်ဆုချီးမြှင့်ခံရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒီလို အင်အားတောင့်တင်းတဲ့အဖွဲ့အစည်းကြီးဟာ ခုတော့ ကွဲအက်သံတွေထွက်လာပါတယ်။ ၂၀၁၅ ခုနှစ်က ဂရိနိုင်ငံကခွဲထွက်ဖို့ Grexit လို့အသံထွက်ခဲ့တယ်၊ မထွက်နိုင်ခဲ့ဘူး။ ဗြိတိန်နိုင်ငံကတော့ ၂၀၁၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ကပြုလုပ်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒပြုသူများရဲ့ ၅၁ ဒသမ ၉ ရာခိုင်နှုန်းက မဲပေးခဲ့တာမို့ ဒီ Brexit ကိစ္စဖြစ်ပေါ်လာတော့တာပါပဲ။

ဗြိတိန်နိုင်ငံဟာ ၁၉၇၃ ခုနှစ် ဇန်နဝါရီလကစပြီး EU ထဲဝင်ခဲ့ပါတယ်။ အစိုးရဆုံးဖြတ်ချက်နဲ့ဝင်ပြီး ၁၉၇၅ ခုနှစ်မှာ ဒီလိုပဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ခဲ့တော့ EU ထဲမှာပဲဆက်နေဖို့ ၆၇ ရာခိုင်နှုန်းကျော်က ဆန္ဒပြုခဲ့တာမို့ ယနေ့အထိ နှစ်ပေါင်း ၄၄ နှစ်ကျော်နေထိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလောက်ကြာကြာနေခဲ့ပြီးမှ ခုဘာကြောင့် လူထုကခွဲထွက်ချင်ကြတာလဲ။ EU ထဲမှာနေတဲ့ နိုင်ငံကပြည်သူတွေဟာ EUအဖွဲ့ဝင်နိုင်ငံတွေအတွင်းမှာ လွတ်လပ်စွာရွှေ့ပြောင်းနေထိုင်ခွင့်ရှိတယ်။ ဒါကြောင့်မို့ ဗြိတိန်နိုင်ငံမှာ EU အဖွဲ့ဝင်နိုင်ငံက ပြောင်းရွှေ့လာနေသူ သုံးသန်းကျော်ရှိပြီး ဗြိတိန်နိုင်ငံသားတစ်သန်းလောက်က တခြား နိုင်ငံတွေမှာ သွားနေကြတယ်။ ဒီကိစ္စကိုလည်း ဗြိတိသျှအများစုက အစာမကြေဘူး။ ဒါ့အပြင် EU ရဲ့ ရန်ပုံငွေထဲကို ပျမ်းမျှဗြိတိန်နိုင်ငံက တစ်ရက်ပေါင်ငွေသန်း ၅၀ လောက်ထည့်ပေးနေရတယ်ပြောတယ်။EU ထဲက ဂရိနိုင်ငံလို ကြွေးထူကျပ်တည်းတဲ့ နိုင်ငံတွေကို ဝိုင်းကူနေရတာတွေကိုလည်း ခွဲရေးသမားတွေက မကျေနပ်ကြပါဘူး။




ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မပြုလုပ်ခင် ခွဲထွက်ရေးသမားများ၏ လမ်းဘေးကြော်ငြာ။

တကယ်တော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ဖို့ လက်ရှိအာဏာရကွန်ဆာဗေးတစ်ပါတီက ဦးစီးပြုလုပ်တာပါ။ မခွဲရေးကိုတိုက်တွန်းတယ်။ တွဲရေးပေါ့။ လူထုကတကယ်ခွဲထွက်မယ့်မဲများလာတော့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ရာထူးကနုတ်ထွက်သွားခဲ့တယ်။ သူ့နေရာကို ပြည်ထဲရေးဝန်ကြီး Theresa May (ထရီစာမေ)က ဆက်ခံခဲ့ရတယ်။ ထရီစာမေဟာ ဗြိတိန်နိုင်ငံသမိုင်းမှာ Iron Lady (သံမဏိလေဒီ)လို့ နာမည်ကြီးခဲ့တဲ့ မာဂရက်သက်ချာပြီးရင် ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာတာပါပဲ။ ခုကိစ္စက ခွဲရေး၊ တွဲရေး ပြဿနာကြောင့် ဝန်ကြီးချုပ်ရာထူးရလာတာဖြစ်ပါတယ်၊ ဒီနှစ်ဇွန်လဆန်းမှာ ရွေးကောက်ပွဲအသစ် ပြုလုပ်ဖို့ရှိတယ်။ စစ်တမ်းကောက်ယူချက်တွေအရ ထရီဇာမေ ဝန်ကြီးချုပ်အဖြစ် ထပ်မံရွေးကောက်ခံရဖို့များတယ်လို့ သိရပါတယ်။

ဝန်ကြီးချုပ် ထရီစာမေဟာ ခွဲထွက်ဖို့ကိစ္စကို ရှုပ်ထွေးလှတဲ့ လုပ်ထုံးလုပ်နည်းတွေအရ ကြံ့ကြံ့ခံလုပ်နေရပါတယ်။ ၂၀၁၅ ခုနှစ်က ဂရိနိုင်ငံရဲ့ Grexit နဲ့မတူပါ။ ၂၀၁၅ ခုနှစ်မှာ ဂရိနိုင်ငံဟာ ကြွေးမြီထူထပ် ဝန်ပိလာနေတယ်။ သူ့ကိုဝိုင်းကယ်ရတဲ့ IMF နဲ့ ဥရောပဗဟိုဘဏ် European Central Bank (E.C.B) တို့က ဂရိနိုင်ငံဟာ ကြွေးပိမှုကရုန်းထွက်ဖို့ စည်းကမ်းတွေထုတ်တယ်။ ကြွေးမြီနဲ့ GDP အချိုး debt and GDP ratio ကို ၂၀၂၀ ခုနှစ်မှာ ၁၂၄ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ်မှာ ၁၁၀ ရာခိုင်နှုန်းအထိ လျှော့ချရမယ်စတဲ့ စည်းကမ်းတွေနဲ့တင်းကျပ်တော့ Greek bailout referendum ခေါ်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်တယ်။ ဒီဆန္ဒခံယူပွဲမှာ bailout ဆိုတာကို လက်ခံခဲ့ရင် yes ပေါ့၊ အဲဒီလမ်းစဉ်အတိုင်းအကြွေးထူဘဝကထွက်အောင် စည်းမျဉ်းစည်းကမ်းတွေအောက်မှာနေကြရမှာ လက်မခံဘဲ No ဆိုရင်တော့ EU ကထွက်မယ်၊ ယူရိုသုံးစွဲနေတာက ဂရိငွေပြန်သုံးမယ်ပေါ့။ ဂရိပြည်သူတွေက No ဘက်ကို ၆၁ ရာခိုင်နှုန်းကျော်ပေးလိုက်ကြတယ်။ အစိုးရကလည်း No ကိုပဲကြိုက်တာ ပြည်သူတွေသူတို့လိုချင်တဲ့မဲရလို့ လမ်းပေါ်မှာ ကခုန်နေကြတယ်။ ဒါအလွန်မိုက်မဲမှုပဲ။ ကိုယ့်အသုဘအခမ်းအနားမှာ ကိုယ်ကခုန်နေကြတယ်လို့တောင် တင်စားပြောခဲ့ကြတယ်။

ဂရိတွေရဲ့ Grexit ကိစ္စက EU ရဲ့ တင်းကျပ်တဲ့ ဘဏ္ဍာရေးစည်းကမ်းတွေကို ဂရိတွေမလုပ်နိုင်လို့ မထွက်နိုင်ခဲ့ပါ။ EU ရဲ့ ဘဏ်စည်းကမ်းစည်းမျဉ်းတွေဟာ တင့်ကား၊ ဒုံးကျည်တွေထက်ပိုပြီး အင်အားပြင်းခဲ့တယ်လို့တောင် ပြောကြပါတယ်။ အကြွေးထူတဲ့ ဂရိတွေ Grexit မလုပ်နိုင်ခဲ့ပါဘူး။

ခုဗြိတိန်ရဲ့ Brexit ကိစ္စကတော့ တစ်မျိုးရှုပ်ထွေးပါတယ်။ ထွက်ခွာဖို့ကိစ္စဗြိတိန်တွေက စတင်ဆုံးဖြတ်တာမို့ ကွာရှင်းခငွေ divorce bill ကတင် ဗြိတိသျှငွေပေါင်း ၅၂ ဘီလီယံပေးရမယ်လို့ EU ကပြောတယ်။ EU ထဲ ဗြိတိန်ဝင်လာတော့ European Communities Act ၁၉၇၂ အရ ဝင်လာခဲ့ရတယ်။ ခုပြန်ထွက်မယ်ဆိုရင် အဲဒီမှာပါဝင်ခဲ့တဲ့ ဥပဒေအစိတ်အပိုင်းပေါင်း တစ်သောင်းသုံးထောင်ကျော်ကို ပြန်ပြင်စရာရှိတယ်။ Great Repeal Billခေါ်တဲ့ EU နဲ့လုပ်ထားတဲ့ဥပဒေတွေကို ရုပ်သိမ်းပြီး အသစ်ရေးဆွဲရမယ့်ဥပဒေအသစ်ကို ဗြိတိသျှပါလီမန်မှာ ပြန်ရေးဆွဲတင်ပြရမယ်ဆိုတဲ့ Article ၅၀ အရ လုပ်ရမယ့်ကိစ္စတွေက တစ်ပုံတစ်ပင်ကြီးပါပဲ။

ဝန်ကြီးချုပ်ထရီစာမေဟာ ၂၀၁၇ ခုနှစ် မတ်လ ၂၉ ရက်နေ့မှာ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှာ ရုံးထိုင်နေတဲ့ ယူရိုကောင်စီဥက္ကဋ္ဌ President of European Council ဖြစ်တဲ့ ဒေါ်နယ်တပ် (Donald Tusk) ထံသို့ EU က နုတ်ထွက်မယ့်ကိစ္စကို စာမျက်နှာခြောက်မျက်နှာရှိတဲ့အကြောင်းကြားစာကိုပေးပို့ပြီးပါပြီ။ နောင်နှစ်နှစ်အကြာ ၂၀၁၉ ခုနှစ် မတ်လ ၂၉ ရက်နေ့အတွင်း ကွာရှင်းဖို့လုပ်ဆောင်ရမယ့် လုပ်ငန်းအစီအစဉ်တွေကို အပြီး လုပ်ရပါမယ်။ ဒီလုပ်ငန်းတွေ မပြီးသေးတဲ့အထိ EU က ထွက်လို့မရသေးပါဘူး။

မြန်မာနိုင်ငံမှာ အင်္ဂလိပ်ကိုလိုနီခေတ်က မြန်မာနိုင်ငံ



ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှ ထွက်ခွာရေး Brexit ကိစ္စဦးဆောင်လုပ်နေရသော လက်ရှိဝန်ကြီးချုပ် ထရီစာမေ။

ကို လွှတ်လပ်ရေးမရခင် အိန္ဒိယနဲ့တွဲနေမလား၊ ခွဲနေမလား ဆိုတဲ့ ကိစ္စတုန်းက တွဲရေးခွဲရေးပြဿနာက တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက်ညံခဲ့တယ်။ စာစောင်တွေ၊ ဂျာနယ်နဲ့ သတင်းစာတွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ ငြင်းခုံကြ၊ မိသားစုထဲမှာပင် အဖေကတွဲရေး၊ သားကခွဲရေးနဲ့ ဖြစ်ခဲ့သလိုမျိုး ခုဗြိတိန်နိုင်ငံမှာလည်း နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း ဒီအကြောင်းတွေပဲ ပြောဆိုရေးသားနေကြပါတယ်။

EU ထဲက ဗြိတိန်နုတ်ထွက်ခြင်းက အင်အားတောင့်တင်းတဲ့နိုင်ငံတစ်နိုင်ငံက ထွက်ခွာတာမို့ EU လည်း အင်အားချည့်နဲ့သွားနိုင်သလို ဗြိတိန်နိုင်ငံမှာလည်း အဓိက ကုန်သွယ်ဖက်၊ စီးပွားဖက်နိုင်ငံတွေထဲက ထွက်ခွာသွားရမှာမို့ ကုန်သွယ်ရေး အကောက်ခွန်စနစ်တွေကအစ ရင်ဆိုင်ရမယ့်ပြဿနာတွေကအများကြီးပါ။ ဗြိတိန်နိုင်ငံက လန်ဒန်မြို့သားတွေရဲ့စိတ်ထဲမှာလည်း စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်တွေ ရှိနေကြတယ်။ ယခင်က ကမ္ဘာ့ဘဏ္ဍာရေး ဗဟိုဌာနလို ဖြစ်တာကြောင့် လန်ဒန်မှာ ဘဏ်ပေါင်း ၃၀၀ ကျော်ရှိပါတယ်။ ဒီဘဏ်တွေရှိတဲ့ ရပ်ကွက်ကို မြို့တော်ဝန်တစ်ဦး သတ်သတ်အုပ်ချုပ်ပါတယ်။ လန်ဒန်မြို့တော်ဝန်ရဲ့ အုပ်ချုပ်မှုအောက်မှာ မရှိပါဘူး။ ဒီလို အခြေအနေမျိုးက ဘဏ်တွေ နိုင်ငံတကာရုံးကြီးတွေ လန်ဒန်ကပြောင်းရွှေ့ထွက်ခွာသွားရင် ဘယ်လိုလုပ်ကြမလဲ ဟု တွေးပူသူက တွေးပူကြတယ်။ ခွဲထွက်ဖို့ မဲတင်းသူတွေကတော့လူဦးရေ ကိုးသန်းနီးပါးရှိတဲ့ လန်ဒန်မြို့ကြီးမှာ လူမျိုးပေါင်း ၂၇၀ ကျော်ရှိတယ်။ ဒီလို ဂလိုဘယ်လိုက်ဇေးရှင်းမြို့တော်မျိုး ကမ္ဘာမှာ ဘယ်မြို့တော်မှမရှိဘူး။ ပြီးတော့ အင်္ဂလိပ်ဘာသာစကားဟာ ကမ္ဘာသုံးဘာသာစကားဖြစ်တယ်။ ဒါကြောင့်မို့ ဗြိတိန်နိုင်ငံ လန်ဒန်က ဘဏ်တွေ၊ ရုံးတွေ မပြောင်းနိုင်ဘူး။ စသည်ဖြင့် တစ်ချိန်က နေမဝင်အင်ပါယာကို ပိုင်ဆိုင်ခဲ့တဲ့ ဗြိတိသျှလူမျိုးတွေရဲ့ ဇာတိပုည ဂုဏ်မာနကလည်း ရှိနေဆဲပါ။ ဝန်ကြီးချုပ်ကိုယ်တိုင်က မတ်လ ၂၉ ရက်နေ့က ပြောခဲ့တဲ့စကားမှာ ဗြိတိန်သည် EU ကခွဲထွက်တာပါ၊ တစ်ခုတည်းသောဈေးကွက်စနစ်က ခွဲထွက်တာပါ၊ ဥရောပတိုက်က နိုင်ငံများနဲ့ ခွဲသွားတာမဟုတ်ပါဘူးဆိုတဲ့ စကားကို အကြိမ်ကြိမ်ပြောခဲ့ရတယ်။

ဘာပဲပြောပြော အိမ်ထောင်မှုဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုးမပိုင်လျှင် နောင်ပြင်ရန်ခဲယဉ်းသည် ဆိုသည့်စကားအတိုင်း ဗြိတိန်သည် အနှစ် ၄၄ နှစ်ကျော် ပေါင်းသင်းခဲ့တဲ့ EU မှ ခွဲထွက်ကွာရှင်းရမည့် ကိစ္စကို ၂၀၁၉ ခုနှစ် မတ် ၂၉ ရက်အထိ ကာလအတွင်း ခက်ခက်ခဲခဲ ဆက်လုပ်ရမှာသာဖြစ်ပါကြောင်း။ ။

***(ဧပြီလ ၁ ရက်နေ့ထုတ် The economist စာစောင်မှ Britain and European Union ဆောင်းပါး၊ ဧပြီလ ၂၀ ရက်နေ့ထုတ် The Washington Times, ဧပြီလ ၁၂ ရက်နေ့ထုတ် The New York Time များမှ ဆောင်းပါးများနှင့် Internet new များမှ ကိုးကားပါသည်။)***

**(ဆက်လက်ဖော်ပြပါမည်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Belt and Road Forum for International Cooperation) သို့ တက်ရောက်ရန် ၂၀၁၇ ခုနှစ် မေလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်ခဲ့ပြီး ၁၇-၅-၂၀၁၇ ရက်နေ့ (၁၅း၀၀) နာရီ အချိန်တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၁၄-၅-၂၀၁၇ ရက်နေ့နှင့် ၁၅-၅-၂၀၁၇ ရက်နေ့တို့တွင် ပေကျင်းမြို့၌ ကျင်းပခဲ့ရာ နိုင်ငံပေါင်း(၃၀)မှ နိုင်ငံ၊ အစိုးရအကြီးအကဲများအပါအဝင် နိုင်ငံပေါင်း(၁၃၀) ကျော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်စုစုပေါင်း (၁၅၀၀) ကျော် တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၄-၅-၂၀၁၇ ရက်နေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ China National Convention Centre တွင်ကျင်းပသည့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ ညနေပိုင်းတွင် သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှ တည်ခင်းသည့် ဂုဏ်ပြုညစာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ၁၅-၅-၂၀၁၇ ရက်နေ့တွင် ပေကျင်းမြို့ Yanqi Lake International Conference Centre ၌ ကျင်းပသည့် နိုင်ငံ၊ အစိုးရ အကြီးအကဲများ၏ စားပွဲဝိုင်း ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ နိုင်ငံပေါင်း(၃၀)မှ နိုင်ငံ၊ အစိုးရ အကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးတို့လည်း တက်ရောက်ခဲ့ကြပါသည်။ အဆိုပါနေ့ နံနက်ပိုင်းစားပွဲဝိုင်းဆွေးနွေးပွဲကို ပိုမိုနီးကပ်သော မိတ်ဖက်ဖြစ်စေရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး (Policy synergy for closer partnership) ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်သဘော နေ့လယ်စာစားပွဲတွင် ပြည်သူ အချင်းချင်း ပိုမိုနီးကပ်စွာ ဆက်ဆံမှုရှိစေရေး (Closer people-to-people bond) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်း ဆွေးနွေးပွဲတွင် အပြန်အလှန်ဆက်နွှယ်မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး(Connectivity cooperation for interconnected developement) ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပါဝင်ဆွေးနွေးပြောကြားခဲ့ပါသည်။

ယင်းသို့ပါဝင်ဆွေးနွေးရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်နိုင်ငံသမ္မတအနေဖြင့် ဤဖိုရမ်ကို ဦးဆောင်ကျင်းပခြင်းအတွက်လည်းကောင်း၊ နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်မှု အတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း၊ အပြန်အလှန်နားလည်မှု၊ လေးစားမှုကို အခြေခံသည့် ကောင်းမွန်သော ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုရှိရေးနှင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ရှိရေးတို့သည် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံချက် အောင်မြင်ရေးအတွက် အဓိက သော့ချက်များဖြစ်ကြောင်း၊ နိုင်ငံအချင်းချင်း ဆက်သွယ်မှုသည် ရုပ်ပိုင်းဆိုင်ရာ၊ အခြေခံအဆောက်အအုံဆိုင်ရာ ဆက်သွယ်မှုသာမက ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်မှုလည်း ပါဝင်ကြောင်း၊ ဤစီမံချက်၏ အောက်မှဆောင်ရွက်မှုများသည် သက်ဆိုင်ရာနိုင်ငံမှ လက်ရှိ အကောင်အထည်ဖော်နေသည့် အမျိုးသားအဆင့်၊ ဒေသအဆင့် လုပ်ငန်းစဉ်များအား အထောက်အကူပြုစေမှသာ ပိုမိုအကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ အစိုးရ၊ ပြည်သူများ၏ မျှော်လင့်ချက်၊ စိုးရိမ်မှုတို့အပေါ် အလေးထားစဉ်းစားရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် ထူးခြားသည့် ဝိသေသလက္ခဏာများ ရှိသည့်အလျောက် ဆောင်ရွက်မည့် စီမံချက်များသည် သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားစီမံကိန်းများနှင့် လိုက်လျောညီထွေမှုရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားလမ်းကြွန်ရက်စီမံကိန်းများရှိပြီး ဒေသခွဲနှင့် ဒေသတွင်းစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ လူမှုအဖွဲ့အစည်း အပေါ် တာဝန်သိမှုတို့နှင့် အညီ ဆောင်ရွက်ရန်လိုကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဒေသခံများ၏ အကျိုးကို ရှေးရှုမှုတို့ မရှိမဖြစ်လိုအပ်ကြောင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည်လည်း အရေးကြီးပါကြောင်း၊ ဤရပ်ဝန်းနှင့်ပိုးလမ်းမဆိုင်ရာ ဖိုရမ်သည် တစ်ကြိမ်တည်းကျင်းပသွားခြင်းမျိုးမဟုတ်ဘဲ ဆက်လက်ကျင်းပသွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းတိုးတက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ်အတွက် မူဝါဒချမှတ်ခြင်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ခြင်းကြောင့် စီမံချက်အောင်မြင်ရေးအတွက် ဤဖိုရမ်အား ယန္တရားတစ်ရပ်အနေဖြင့် ဆက်လက်ကျင်းပသွားရန် အဆိုပြုချက်ကို ထောက်ခံကြောင်းစသည်ဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

စားပွဲဝိုင်းဆွေးနွေးပွဲအပြီးတွင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံချက်သည် ကုန်းလမ်း၊ ရေလမ်းပိုးလမ်းမပေါ်တွင်ရှိသည့် နိုင်ငံများအချင်းချင်း အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်၍ ဆက်သွယ်မှုရှိလာရန် အတွက်သာမက၊ နိုင်ငံများအချင်းချင်း မူဝါဒများဟန်ချက်ညီစွာ ဆက်သွယ်မှုရှိရေး၊ ချောမွေ့သော ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှုရှိစေရေး၊ အလွှာအသီးသီးရှိ ပြည်သူများအချင်းချင်း အပြန်အလှန်သွားလာဆက်သွယ်မှု၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ ဒီဂျစ်တယ်ဆက်သွယ်ရေး စသည့်ကဏ္ဍများတွင်လည်း ဆက်သွယ်မှုတိုးမြှင့်ရေးကို ရည်ရွယ်ကြောင်း စသည်ဖြင့် အဆိုပါပူးတွဲကြေညာချက်တွင် ဖော်ပြထားပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြပြီး ၁၄-၅-၂၀၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများဆွေးနွေးပွဲ(High-Level Dialogue) များသို့ သက်ဆိုင်ရာဝန်ကြီးများ ပါဝင် တက်ရောက်ခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခရီးစဉ်အတွင်း ၁၆-၅-၂၀၁၇ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆက်လက်ကူညီပံ့ပိုးပေးရေး၊ နှစ်ဖက်အဆင့်မြင့် ခေါင်းဆောင်များအကြား အပြန်အလှန်ခရီးစဉ်များ သွားရောက်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းလုပ်ငန်းများအပါအဝင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတော်ကောင်စီဝင် ဝန်ကြီးချုပ် မစ္စတာလီခချန်းတို့သည် တွေ့ဆုံမှုအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးလဲလှယ်သည့် အခမ်းအနားသို့တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ယွမ်သန်း(၅၀၀)အကူအညီပေးမည့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးပိုးလမ်းမရပ်ဝန်းတစ်ခုနှင့် (၂၁)ရာစုရေကြောင်းဆိုင်ရာ ပိုးလမ်းမရပ်ဝန်းတစ်ခု စီမံချက်မူဘောင်အောက်မှ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှိသမိုင်းဝင်အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ စုစုပေါင်း (၅) ခုတို့ကို နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ပေကျင်းမြို့တွင် ရောက်ရှိနေစဉ်၊ ၁၄-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွစ်ဇာလန်နိုင်ငံ သမ္မတ H.E. Mrs. Doris Leuthard၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် Mr. Ranil Wickremesinghe၊ ပိုလန်နိုင်ငံ ဝန်ကြီးချုပ် H.E. Ms. Beata Szydol နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Erdenebat Jargaltulga တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးရေးတို့ကို ဆွေးနွေးခဲ့ကြပါသည်။ ၁၅-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. Antonio Guterres နှင့်လည်း တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအပေါ် ကုလသမဂ္ဂ၏ ကူညီပံ့ပိုးရေးကိစ္စ၊ ငြိမ်းချမ်းလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုနှင့် ရခိုင်ပြည်နယ် ကိစ္စ အလေးထားဖြေရှင်းနေမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊
၂၀၁၇ ခုနှစ် မေလ ၁၇ ရက်။

# ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘညွှန့် နှစ်(၁၂၀)ပြည့် အထိမ်းအမှတ်ကျင်းပရေးကော်မတီဖွဲ့စည်း

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး နှင်းဆီမြိုင် ပန်းချီပြခန်း၌ မေ ၁၄ ရက်တွင် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘညွှန့် နှစ် (၁၂၀)ပြည့်အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးအတွက် နာယကပန်းချီဆရာကြီးများ အပါအဝင် ပန်းချီဆရာကြီးများ စုပေါင်း၍ ကျင်းပရေးကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့သည်။



ပန်းချီဆရာကြီး ဦးဘညွှန့် နှစ်(၁၂၀) ပြည့် အထိမ်းအမှတ် ဗဟိုကော်မတီတွင် နာယကဆရာကြီးများအဖြစ် ပန်းချီဆရာကြီး ဦးသက်ညွှန့်၊ ဒေါက်တာဦးလွန်းကြွယ်၊ ဆရာ ဦးထွန်းစိန်(မန္တလေး)၊ ဦးခင်မောင်သန်း (မန္တလေး)၊ ပန်းချီဆရာကြီး ဦးမြဟန်၊ ပန်းချီ ဆရာကြီး ဦးလှတင်ထွန်း၊ အလင်္ကာကျော်စွာ ပန်းချီစိုးမိုး၊ ပန်းချီဆရာကြီးဦးစောလှိုင်၊ ဆရာ ဦးကြည်ဝင်း(ရန်ကင်း)၊ ဆရာဦးကျော်ညွှန့်၊ ဦးခင်မောင်စန်း(မန္တလေး)၊ ဆရာ ဦးဇော်ဝင်း (သစ်ထွင်း)နှင့် ကျင်းပရေးဗဟိုကော်မတီဝင်များအဖြစ် ပန်းချီဆရာကြီး ဦးမောင်မောင်သိမ်း (ပုသိမ်)(ဥက္ကဋ္ဌ)၊ ဦးမောင်ကျော်သန်း (ဒု-ဥက္ကဋ္ဌ-၁)၊ ဦးဘုန်းနိုင်(ဘားအံ) (ဒု-ဥက္ကဋ္ဌ-၂)၊ ဦးနီပိုဦး(အတွင်းရေးမှူး)၊ ဦးကျော်ခေါင် (ပြန်ကြားရေးမှူး)၊ ဒေါ်မြမြချို (မော်လမြိုင်)(တွဲဖက်ပြန်ကြားရေးမှူး)၊ ဦးနေထွန်း(တွဲဖက်ပြန်ကြားရေးမှူး)၊ ဦးပြည်ကျော်ဟန်(ဘဏ္ဍာရေးမှူး)၊ ဦးဘယေးညို (တွဲဖက်ဘဏ္ဍာရေးမှူး)၊ ဦးဌေးအောင် (စာရင်းစစ်)၊ ဦးထွန်းဝင်း(မော်လမြိုင်)(တွဲဖက်စာရင်းစစ်)၊ ဦးအောင်စည်သူလှိုင်(ပြည်ပဆက်ဆံရေးမှူး)၊ အဖွဲ့ဝင်များအဖြစ် ဦးမြတ်ထွန်းအောင်၊ ဦးစိုးအောင်၊ ဦးတင်ဌေးအောင်၊ ဦးမင်းလွင်၊ ဦးခင်မောင်စန်း၊ ဦးမင်းစံရှား၊ ဦးဇော်ဇော်၊ ဦးကျော်သူရိန်၊ ဦးကောင်းစည်သူနှင့် ဦးသော်တာတို့ဖြင့် ဖွဲ့စည်းခဲ့ကြကြောင်း သိရသည်။

ကော်မတီ၏ ဆုံးဖြတ်ချက်အရ ဩဂုတ်လတွင် ကျရောက်မည့် ဆရာကြီး ဦးဘညွှန့် နှစ်(၁၂၀)ပြည့် ဂုဏ်ပြုပြပွဲတွင် ဆရာကြီး၏ အတ္ထုပ္ပတ္တိသမိုင်းစာအုပ်ပြုစုရေး၊ ကြေးရုပ်တု ဖြစ်မြောက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာတမ်းဖတ်ကြားရေး၊ မွန်ပြည်နယ် ကတိုးရွာတွင် ဆရာကြီးကွယ်လွန်ခဲ့သော နှစ်(၁၂၀)ပြည့် အမှတ်တရ ဆွမ်းကပ်လှူဒါန်းရေးကျင်းပရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

# အခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဖွင့်

**နေပြည်တော် မေ ၁၇**

နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်၊ မိသားစုဝင်ငွေ တိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်၊ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန်၊ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူလူထုအတွင်း နည်းပညာများပျံ့နှံ့စေပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ စီးပွားဖြစ် ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သော ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို မေ ၁၆ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမေတ္တာစံပရဟိတဂေဟာ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က အမှာစကားပြောကြားပြီး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများကို ပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့သည်။

သင်တန်းတွင် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံများဖြင့် ပြုလုပ်မည့် တော်ဖီ၊ ဝိုင်၊ ဂျယ်လီ (အမာ/အပျော့)၊ ဖျော်ရည်အမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ကိတ်မုန့်အမျိုးမျိုး၊ ကွတ်ကီးနှင့် အာလူးကြော် စသည့် စားသောက်ကုန်ပြုလုပ်မှုများကို သင်တန်းသူ ၂၀ အား သင်တန်းနည်းပြ နှစ်ဦးက မေ ၁၆ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

## ပြည်တွင်းရေးရာ



**ဒုတိယသမ္မတ ဦးမြင့်ဆွေ ရဲနွယ်ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

**✱ ပဲခူးရိုးမမှ**

ဒုတိယသမ္မတဦးမြင့်ဆွေသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်းပေါ်ရှိ တံတားအမှတ်(၂/၇)သိုင်းချောင်းတံတားသို့ရောက်ရှိပြီး တံတားတည်ဆောက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းကတ္တရာခင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိုင်းချောင်းအတွင်း ရေလမ်းကြောင်း ကောင်းမွန်ရေး၊ တံတားရေတိုက်စားမှုမရှိစေရန် မြေထိန်းနံရံများကို စနစ်တကျဆောင်ရွက်ရေးနှင့် အရည်အသွေးပြည့်မီအောင်စနစ်တကျ ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါသိုင်းချောင်းတံတားမှာ အရှည် ပေ ၄၀ ရှိပြီး သံကူကွန်ကရစ်တံတားဖြစ်ကာ ယခုနှစ်ဧပြီ ၂၂ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် တည်ဆောက်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စက်ရုံများအရေအတွက်၊ ရဲနွယ်ရေအားလျှပ်စစ်စက်ရုံဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ရေလှောင်တမံဆိုင်ရာအချက်များနှင့် စိုက်ပျိုးရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက ရေလှောင်တမံကြံ့ခိုင်ရေးနှင့် သဘာဝဘေးအတွက် ကြိုတင်ကာကွယ်ရေးလိုအပ်ချက် အစီအမံများကို မှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရဲနွယ်ဓာတ်အားပေးစက်ရုံအတွင်း စက်များ တပ်ဆင်ထားရှိမောင်းနှင်နေမှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်းလမ်း မိုင်တိုင်အမှတ်(၆၉)ရှိ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီ၏ ပုဂ္ဂလိကကျွန်းစိုက်ခင်းသို့ရောက်ရှိပြီး ကျွန်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် ပုဂ္ဂလိများ၏ပူးပေါင်းဆောင်ရွက်မှုကို အားပေးကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း မိုင်တိုင်အမှတ်(၅၁)ရှိ ဆောက်လုပ်ရေးရှင်းလင်းဆောင်သို့ရောက်ရာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဦးဇော်ထွန်းက မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်း ပြုပြင်ထိန်းသိမ်းရန်အတွက် ဘဏ္ဍာငွေရရှိမှု၊ အပိုင်းအလိုက် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ စိုက်ပျိုးထားရှိမှု၊ ဓမ္မတာမျိုးပျိုးထောင်ထားရှိမှု၊ ဌာနပိုင်သစ်တောစိုက်ခင်းများတည်ထောင်ထားရှိမှု၊ ဒေသခံပြည်သူများအစုအဖွဲ့လိုက် သစ်တောများ စိုက်ပျိုးထားရှိမှု၊ ပျိုးပင်များဖြန့်ဝေပေးမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လမ်းကိုလက်ရှိအခြေအနေထက် အရည်အသွေးမကျအောင် ထိန်းသိမ်းထားရန်၊ ပဲခူးရိုးမသစ်ထုတ်လုပ်မှု ရပ်နားထားချိန်တွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ဖော်ဆောင်သွားရန်နှင့် ပဲခူးရိုးမသည် သစ်တောလွှမ်းခြုံမှု ၂၉ ရာခိုင်နှုန်းကျော်သာရှိသည့်အတွက် တစ်ပြည်လုံး သစ်တောလွှမ်းခြုံမှု ပျမ်းမျှ ၄၃ ရာခိုင်နှုန်းခန့်အထိ အမြန်ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မင်းလှ-စိန်ကန့်လန့်လမ်း မိုင်တိုင်အမှတ်(၁၆/၄)ရှိ (၁/၂၀၁၄) စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ နှင့် (၁/၂၀၁၇) စီးပွားရေး ကျွန်းစိုက်ခင်း ဧက ၁၀၀ သို့ ရောက်ရှိပြီး ကျွန်းစိုက်ခင်းပြန်လည်စိုက်ပျိုးထားမှုနှင့် ကျွန်းပျိုးပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေများ လှူဒါန်း

**နေပြည်တော် မေ ၁၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီ နယ်မြေအတွင်း နွေရာသီရေရှားပါးသည့် ကျေးရွာများသို့ ဂါလန်(၂၀၀၀)ဆံ့ ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းလျက်ရှိရာ မေ ၁၂ ရက်တွင် လယ်ဝေးမြို့နယ် ရွာသစ်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ၊ မေ ၁၃ ရက်တွင် ပုဗ္ဗသီရိမြို့နယ် ဖတ်တဲကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ ဇေယျာသီရိမြို့နယ် ပုပ္ပါးကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ မေ ၁၅ ရက်တွင် ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာနှင့် တောင်သာကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ၊ မေ ၁၆ ရက်တွင် လယ်ဝေးမြို့နယ် ရွာသစ်ကျေးရွာနှင့် ကျောင်းကုန်းကျေးရွာတို့သို့ ရေဂါလန် ၂၀၀၀ စီ စုစုပေါင်း ရေဂါလန် ၁၆၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှလည်း ဂါလန်(၈၀၀)ဆံ့ ရေသယ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အောင်သာရွာသို့ မေ ၁၂ ရက်တွင် ရေဂါလန် ၁၆၀၀၊ မေ ၁၅ ရက်တွင် ငါ့သရော်(မြောက်)ဘုန်းကြီးကျောင်းသို့ ရေဂါလန် ၄၈၀၀၊ မေ ၁၆ ရက်တွင် ငါ့သရော်ရွာဦးဘုန်းကြီးကျောင်းသို့ ရေဂါလန် ၄၀၀၀ ကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှလည်း မေ ၁၅ ရက်တွင် စစ်ကိုင်းမြို့နယ် ရေမျက်ကြီးရွာသို့ ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း စုစုပေါင်း ရေဂါလန် ၁၂၀၀၀ ကို လှူဒါန်းဖြန့်ဝေခဲ့သည်။ မိုးမကျမီ ကာလအထိ ရေရှားပါးသည့် ကျေးရွာများသို့ ဆက်လက် ရေလှူဒါန်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

**❖ အိုဟောင်းဘတ်စ်ကားမှ**

ထပ်ဝယ်ဖြည့်ထားပါတယ်။ အများစုကတော့ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ မော်ဒယ်တွေပါပဲ" ဟု အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပါဝါအလဲဗင်း ပုဂ္ဂလိကယာဉ်လိုင်းကုမ္ပဏီမှ ယာဉ်ပိုင်ရှင် ကိုတရုတ်လေးက ပြောသည်။

အဆိုပါ အိုဟောင်းဘတ်စ်ကားများ အပ်နှံမှုစတင်လက်ခံခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြင်သာ ကညနရုံးတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ စတင်လက်ခံဆောင်ရွက်ပေးခဲ့ပြီး ယာဉ်ပိုင်ရှင်များ အဆင်ပြေစေရန်အတွက် အိုဟောင်းအပ်ယာဉ်များအား လူစီးယာဉ်စလစ်ထုတ်ပေးကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ဘတ်စ်ကားစီးရေမှာ မူလစာရင်းအရ အစီး ၇၀၀၀ ကျော်ခန့်ရှိသော်လည်း နေ့စဉ်ပြေးဆွဲခဲ့သည့်ယာဉ်မှာ အစီး ၄၀၀၀ ခန့်သာရှိသည်ဟု သိရသည်။ အဆိုပါ စာရင်းတွင် နှစ် ၂၀ ကျော် အိုဟောင်း စီးတီးဘတ်စ်ယာဉ်များအပါအဝင် မီနီဘတ်စ်အရေအတွက် အစီး ၁၇၀၀ ခန့်၊ ဒိုင်နာ၊ ဘီအမ်ယာဉ်များ အပါအဝင် အစီး ၃၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်များအား တဖြည်းဖြည်း အစားထိုးလဲလှယ်သွားမည်ဟု ထုတ်ပြန်ခဲ့ပြီး လက်ရှိအစိုးရက ဝယ်ယူထားသော ခရီးသည်တင်ယာဉ်များ၊ ပုဂ္ဂလိကကုမ္ပဏီတို့က ဝယ်ယူထားသော ယာဉ်များ ယခုလအတွင်း ရောက်ရှိလာမည်ဖြစ်ရာ ယာဉ်အသစ်များ အစားထိုးလာနိုင်ခြင်းနှင့်အတူ ယာဉ်အဟောင်းများကိုလည်း ဖယ်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**



ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လွန်ခဲ့သော ၅ ရက်ကစပြီး မုတ်သုံလေဝင်ရောက်၍ မိုးရွာသွန်းလျက်ရှိရာ မန္တလေး-လားရှိုး-မူဆယ်သွားမော်တော်ယာဉ်လမ်းကို အသုံးပြုမောင်းနှင် သွားလာနေကြသော ယာဉ်ကြီးများအနေဖြင့် တိမ်းချော်မှုမဖြစ်စေရန် အန္တရာယ်ကင်းဝေးအောင် ဂရုတစိုက်ဖြင့် ယာဉ်အရှိန်လျှော့၍ မောင်းနှင်သွားလာနေကြသည်ကို ဂုတ်တွင်းလမ်းပိုင်း၌ မေ ၁၆ ရက်က တွေ့မြင်ရစဉ်။

**စိုင်း (သီပေါ)**

**○ ကျော့ဖုံးမှ**

တတိယဂိုးသွင်းယူခဲ့ကာ မိနစ် ၇၀ တွင် ဟန်ဘူဂျင်က ဟက်ထရစ်ရစေမည့် ဂိုးကို ပင်နယ်တီမှ သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို လူစားဝင်တိုက်စစ်မှူးခရစ္စတိုဖာက ၈၇၊ ၉၂ မိနစ်တွင် ထပ်မံသွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် မကွေးအသင်းက ဖုန်ဂန်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ မကွေးအတွက် အနိုင်ဂိုးများကို ၁၇၊ ၄၈ မိနစ်တွင် အဗ္ဗဒူ၊ ၆၃ မိနစ်တွင် နိုင်နိုင်ကျော်၊ ၇၅ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူခဲ့သည်။

ဒုတိယအဆင့်စတုတ္ထနေ့ကို မေ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ မဟာယူနိုက်တက်နှင့် ရတနာပုံ၊ သုဝဏ္ဏကွင်း၌ Southern နှင့် နေပြည်တော်အသင်းတို့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

## လောင်းကစားဒိုင်အား ဖမ်းဆီးအရေးယူ

**နတ်တလင်း မေ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မရဲစခန်းမှ ဒုရဲအုပ်ရဲလွင် ဦးစီးအဖွဲ့သည် မေ ၁၅ရက် ည ၉နာရီခွဲက သတင်းအရ သစ္စာလမ်း ရွာမရပ်ကွက်နေသူ မစန်းစန်းဝင်း(၃၅နှစ်) နေအိမ်သို့ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းနေအိမ်မြေကြီးပေါ်နှင့် နေအိမ်ပေါ်ရှိ အိမ်ရှေ့ခန်းတို့မှ သုံးလုံးချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသောဘောက်ချာစာအုပ်၊ လယ်ဂျာစာရွက်စသည့် လောင်းကစားပစ္စည်းများနှင့်အတူ ငွေကျပ် ၂၉၈၅၀ ကို တွေ့ရှိရ၍ သက်သေများရှေ့တွင် သိမ်းဆည်းပြီး တရားမဝင်သုံးလုံးချဲထီလောင်းကစားဒိုင်ပြုလုပ်သူ မစန်းစန်းဝင်းအား မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၇၁)

# ဥရောပသမဂ္ဂနေ့အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ

**နေပြည်တော် မေ ၁၇**
နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည့် ဥရောပသမဂ္ဂနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဥရောပသမဂ္ဂအထိမ်းအမှတ်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာ ရိုလံကိုဘီရာနှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ လွှတ်တော်ကော်မတီအသီးသီးမှ ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ဂျပန်နိုင်ငံ Kodokan Judo Institute မှ ဂျူဒိုအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် မေ ၁၇**
၂၀၂၀ ပြည့်နှစ် ဂျပန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဂျူဒိုအားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဂျပန်ခါးစည်းအဆင့်မြင့်(DAN) သင်တန်းများအတွက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ဂျပန်နိုင်ငံဂျူဒိုခါးစည်းအဆင့်(၈) Kodokan Judo Institute Director of International Department Judo Grade 8th Dan Mr. FUJITA, Shinro အဖွဲ့အား ယနေ့ညနေ ၆ နာရီခွဲတွင် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် နေပြည်တော်နှင့် ရန်ကုန်တို့၌ စခန်းသွင်းလေ့ကျင့်ပေးထားသော ဂျပန်ဂျူဒိုခါးစည်းအဆင့်မြင့်သင်တန်းများ တက်ရောက်ရာတွင် အောင်လက်မှတ်များကို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်အနေဖြင့် တိုက်ရိုက်ပေးအပ်နိုင်ရေးအတွက် အဖွဲ့ချုပ်အောက်တွင်ထားရှိမည့် ဂျပန်ဂျူဒိုခါးစည်းအဆင့်မြင့်ကော်မတီကိုလည်း ဖွဲ့စည်းပေးသွားမည်ဖြစ်သည်။ ထို့အပြင် ဂျပန်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ အားကစားမောင်မယ်များ ပိုမိုဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်များရရှိအောင် အဆင့်မြင့်နည်းစနစ်များ မျှဝေပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ကိုယ်တိုင်လာရောက်ရခြင်းဖြစ်ကြောင်း Mr.FUJITA,Shinro က ပြောကြားသည်။

**(စောသိန်းဝင်း)**

# မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးစည်းဝေး

**မြောက်ဦး မေ ၁၇**
ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပထမအကြိမ် အစည်းအဝေးကို မေ ၁၇ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ UNESCO ဌာနေ ကိုယ်စားလှယ်များ၊ ပညာရှင်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ရခိုင်တစ်မျိုးသားလုံး၏ တန်ဖိုးထားရာ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာဖြစ်ပြီး ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်းနှင့်စည်ပင်ဝပြောခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ဆောင်နေကြောင်း၊ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏ သမိုင်းစဉ်၊လူမှုစီးပွားဘဝ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ နိုင်ငံရေး၊ ပညာရေးဆိုင်ရာအားမာန်နှင့်စိတ်ဓာတ်တို့ကို ထင်ဟပ်ဖော်ပြနေသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပြောကြားပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်တက်ရောက်လာကြသူများက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးနှင့် ပတ်သက်၍ အပြန်အလှန်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့်လည်း တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်လုပ်ဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ အသည်းရောဂါစီပိုးဝေဒနာရှင် ၃၀၀ အတွက် ဆေးဝါးများ အခမဲ့ပေးမည်

**နေပြည်တော် မေ ၁၇**
အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ အသည်းရောဂါ စီပိုးဝေဒနာရှင် ၃၀၀ အတွက် သောက်ဆေးများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာညိုမီခိုင်သန်းလှိုင်က ပြောသည်။

အဆိုပါ ဆေးဝါးများအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ ဆေးရုံကြီးများရှိ အသည်းရောဂါကုသရေးဌာနများမှ လူနာများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး မန္တလေးဆေးရုံကြီးမှ လူနာ ၃၀၀ အတွက် ထောက်ပံ့မှုရရှိမည်ဖြစ်ကြောင်း သိရသည်။

"ရောဂါခံစားရတဲ့ အဆင့်ပေါ်မူတည်ပြီး ဆေးဖြန့်ဝေပေးသွားမှာပါ။ အရင်က ထိုးဆေးပဲရှိပြီး ဆေးကလည်း အလွန်ဈေးကြီးတယ်။ အခုချိန်မှာတော့ သောက်ဆေးတွေ ပေါ်လာတဲ့အတွက် ဌာနက ခွဲတမ်းနဲ့ အခမဲ့ဖြန့်ဝေပေးတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အခမဲ့ ဖြန့်ဝေမည့် စီပိုးကုသဆေးသည် သောက်ဆေးနှစ်မျိုးပါဝင်ပြီး အခမဲ့ရရှိသည့် ဆေးနှစ်မျိုးနှင့် ကုသနိုင်မည့် လူနာများကို တန်းစီဇယားဖြင့် ထားရှိကာ ရောဂါပြင်းထန်သူများကို ဦးစားပေးအနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် စာရင်းများအရ မြန်မာနိုင်ငံအတွင်း အသည်းရောဂါခံစားရသူအရေအတွက် ၁ ဒသမ ၃ သန်းအထိရှိပြီး မန္တလေးတိုင်းဒေသကြီး၌ ၇ ဒသမ ၇ ရာခိုင်နှုန်းမှာ အသည်းရောဂါ ခံစားနေရကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒဏ်ရာရ တောဆင်ရိုင်းတစ်ကောင် တွေ့ရှိသဖြင့် လိုက်လံစောင့်ကြပ်၍ ဆေးကုသပေး

**နေပြည်တော် မေ ၁၇**
ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာအနီး ဒဏ်ရာရ တောဆင်ရိုင်းတစ်ကောင်ဖြင့် တွေ့ရှိသဖြင့် ဆင်သွားရာလမ်းကြောင်း တစ်လျှောက် လိုက်လံစောင့်ကြပ်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် မေ ၁၀ ရက်က တောဆင်ရိုင်းတစ်ကောင် ဒဏ်ရာများနှင့် တွေ့ရှိရကြောင်း သတင်းအရ သပိတ်ကျင်းမြို့နယ် သစ်တောဦးစီးဌာန ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြန်မာ့သစ်လုပ်ငန်း၊ သတ္တုဗေဒဆိုင်ရာ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးတပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးရှာဖွေခဲ့ပြီး မေ ၁၂ ရက်တွင် မြန်မာ့သစ်လုပ်ငန်းမှ ကွန်ဂျီဆင်သုံးကောင်ဖြင့် ဆင်သွားရာ လမ်းတစ်လျှောက် လိုက်လံစောင့်ကြပ်ခေါ်ဆောင်ပြီး တောဆင်ရိုင်းအား မေ့ဆေးအသုံးပြု၍ ညာဘက်တင်ပါးမှ ဒဏ်ရာနှစ်ချက်၊ ညာလက်မှ ဒဏ်ရာတစ်ချက်တို့ကို ဆေးကြောသန့်စင်ဆေးထည့်ခြင်း၊ ညာဘက်တင်ပါးရှိ ခြောက်လက်မခန့် သစ်သားချောင်းဖြင့်တွဲလျက် သံအဆိပ်လူးမြားဒဏ်ရာကို ခွဲစိတ်ကုသခြင်း၊ ဖြေဆေးထိုးခြင်း ဆောင်ရွက်ခဲ့ရာ ဆင်မှာတောအတွင်းသို့ ပြန်လည်လမ်းလျှောက်ထွက်ခွာသွားနိုင်ခဲ့ကြောင်း သိရသည်။

တောဆင်အား ဒဏ်ရာရရှိအောင်ပြုလုပ်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တောဆင်ရိုင်းများသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းတွင် ပါဝင်ပြီး တောဆင်ရိုင်းသတ်ဖြတ်ခံရမှုမှာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အထိစုစုပေါင်း ၆၉ ကောင်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၂၀၁၇ခုနှစ် ဧပြီလတွင် တစ်ကောင်၊ မေလတွင် နှစ်ကောင်သတ်ဖြတ်ခံရပြီး ယခု ဆင်တစ်ကောင်မှာ မုဆိုးများကြောင့် ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တောဆင်ရိုင်းကောင်ရေ ၂၀၀၀ ခန့်သာ ကျန်ရှိတော့သည်ဟု ခန့်မှန်းရပြီး ဆင်မုဆိုးများ၏သတ်ဖြတ်ခြင်းမှ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**





# အမျိုးသမီး လိဂ်ပြိုင်ပွဲတွင် ဂန္ဓမာအသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၁၇**။ ။၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ပဒုမ္မာကွင်း၌ ကျင်းပရာ ဂန္ဓမာအသင်းက YREO အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဂန္ဓမာအသင်းသည် ဂိုးပြတ်အနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယားအဆင့် (၅) နေရာအထိ တက်လှမ်းလာနိုင်ခဲ့ပြီး YREO အသင်းမှာမူ ငါးပွဲဆက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ အာဆီယံပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၅ အမျိုးသမီးအသင်းသို့ ကစားသမားအချို့ ပေးထားရသည့် YREO အသင်းသည် ရလဒ် ကောင်းရရန် ရုန်းကန်ခဲ့ရသည်။ ပွဲစဉ် (၆) တတိယနေ့ကို မေ ၁၈ ရက် ညနေ ၄ နာရီတွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် မေ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနလက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း (ရန်ကုန်)တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများ၊ လူငယ်သင်တန်းကျောင်း ၄၄ ကျောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း ခုနစ်ကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း ၄၃ ကျောင်းတို့မှ ကျောင်းအုပ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်ထားခြင်းဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်(၃၀)နှစ်ရှည် စီမံကိန်းအပေါ် (၅)နှစ်စီမံကိန်းများ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအား ဖွဲ့စည်းခဲ့ပြီး နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်မြင့်မားလာရေးအတွက် မူဝါဒများချမှတ်ကာ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် တိုင်းရင်းသားအားလုံး မျှော်မှန်းထားသည့် ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီကို အခြေခံသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ထူထောင်ရေးအတွက်လည်း အထောက်အကူပြုလျက်ရှိသည့်အတွက် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များအပေါ် ယုံကြည်ချက်၊ ခံယူချက်မှန်မှန်ကန်ကန်ဖြင့် တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံ၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြပြီး တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ လူငယ်သင်တန်းကျောင်းဌာနခွဲနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းဌာနခွဲများမှ ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းက ကျောင်းအုပ်ကြီးများ၏ ၂၀၁၆-၂၀၁၇ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု တင်ပြချက်များနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို သုံးသပ်အကြံပြုဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးသုံးသပ်တင်ပြချက်များအပေါ် လိုအပ်ချက်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ကျောက်တန်းတွင် ဆန္ဒထုတ်ဖော်

**ရန်ကုန် မေ ၁၇**

ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာတွင် သိမ်းဆည်းသွားသော လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်ရရှိရေးအတွက် ငြိမ်းချမ်းစွာစုဝေးခွင့် တင်ပြကာ ဆန္ဒထုတ်ဖော်ခြင်းကို မေ ၁၆ ရက် နံနက် ၁၁ နာရီမှ ၁၂ နာရီအထိ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ စုဝေးဆန္ဒထုတ်ဖော်ကြကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို ဦးငွေစိုးနှင့် ဦးသန်းစိန်တို့က ဦးဆောင်ကာ လယ်သမားများ၊ ဒေသခံများနှင့် ဝန်းရံသူ စုစုပေါင်း ဦးရေ ၃၀ တို့ ပါဝင်ခဲ့ကြသည်။

ကျောက်တန်းမြို့နယ်တွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ လယ်သမားအများစုရှိပြီး မိုးတွင်း စပါးကြဲ၊ စပါးစိုက်၊ ဆောင်းသီးနှံ၊ ပဲကြဲစိုက်ပျိုးနေသော မြို့နယ်ဖြစ်ရာ လယ်သမားအများစုအနေဖြင့် လယ်ယာမြေကိစ္စများကို အုပ်ချုပ်ရေးအပိုင်းမှ မှန်မှန်ကန်ကန် တရားမျှတစွာ ဆောင်ရွက်ပေးစေလိုကြကြောင်း သိရသည်။

**(ခင်မောင်သော်)**

# အမေများနေ့အထိမ်းအမှတ် ဟင်းချက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၇**

အမေများနေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၁၄ ရက်က ရန်ကုန်မြို့ မြန်မာပလာဇာတွင် ညနေ ၅ နာရီမှ ၇ နာရီအတွင်း ဟင်းချက်ပြိုင်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိခင်များအတွက် ဂုဏ်ပြုသောအားဖြင့် "ချစ်မေတ္တာဖြင့်ချက် မေမေ့အတွက်"ဟူသော ခေါင်းစဉ်ဖြင့် ဟင်းချက်ပြိုင်ပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မိမိ၏မိခင်နှင့်တကွ ရိုက်ကူးထားသော ဓာတ်ပုံနှင့်အတူ မိခင်၏အကြိုက်နှစ်သက်ဆုံး အစားအစာအကြောင်းကို ဖော်ပြကာ Maggi Myanmar လူမှုကွန်ရက် ဖေ့စ်ဘုတ်စာမျက်နှာသို့ ဦးစွာပေးပို့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်သို့ ပြိုင်ပွဲဝင် ဦးရေ ၅၀၀ ကျော် ပေးပို့ခဲ့ပြီး ယင်းသို့ပေးပို့မှုများအနက်မှ Like & Share အများဆုံးရရှိသော ပြိုင်ပွဲဝင် သုံးဦးကို ပဏာမအဖြစ် ရွေးချယ်ကာ မေ ၁၄ ရက်က မြန်မာပလာဇာတွင် ညနေ ၅ နာရီမှ ၇ နာရီအတွင်း ကျင်းပသည့် ဟင်းချက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဟင်းချက်ပြိုင်ပွဲ၏ ဆုကြေးအဖြစ် ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်းနှင့် တတိယဆု ငွေကျပ် သုံးသိန်းတို့အပြင် Maggi Myanmar မှ အခြားသော ဆုလက်ဆောင်များကို ချီးမြှင့်ခဲ့သည်။

ယင်း ဟင်းချက်ပြိုင်ပွဲကို ဒိုင်အဖြစ် စားဖိုမှူး ဦးသစ်ထူး၊ မော်ဒယ်သရုပ်ဆောင် သန္တာလှိုင်တို့က ပါဝင်အားဖြည့်ပေးကာ တေးသံရှင် ကော်နီ၊ ချမ်းချမ်းတို့က အမေများနေ့ အထိမ်းအမှတ် သီချင်းများနှင့်အတူ သီဆိုဖျော်ဖြေပေးခဲ့သည်။

မေလ ဒုတိယပတ်၏ တနင်္ဂနွေနေ့ကို ကမ္ဘာ့နိုင်ငံအချို့က အမေများနေ့ Mother's Day အဖြစ် သတ်မှတ်ကာ မိခင်များအတွက် အမှတ်တရ ဂုဏ်ပြုအစီအစဉ်များကို ကျင်းပလေ့ရှိပြီး နိုင်ငံအလိုက် ကျင်းပသည့် လ၊ ရက် ကွဲပြားခြားနားမှုများရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တရားဝင် သတ်မှတ်ကျင်းပခြင်း မရှိသော်လည်း လူမှုကွန်ရက် အင်တာနက်စာမျက်နှာများပေါ်တွင် အမှတ်တရလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ ဈေးဝယ်စင်တာကြီးများတွင် အထူးပရိုမိုးရှင်း အစီအစဉ်များ၊ ဟင်းချက်ပြိုင်ပွဲနှင့် အမှတ်တရ အစီအစဉ်များ ပြုလုပ်ခြင်းတို့ကို ကျင်းပကြကြောင်း သိရသည်။

**(၀၀၁)**









**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်တွင် ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှု လျှော့နည်းရေးအတွက် ပစိဖိတ်ကုမ္ပဏီနှင့် မြို့နယ်ဝန်ထမ်းများ ပူးပေါင်း၍ သစ်ပင်ခုတ်ခြင်း၊ ထရန်စဖော်မာများ ဆီဖြည့်ခြင်း၊ ထရန်စဖော်မာဝန်းခြံ သန့်ရှင်းခြင်းများကို မေ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။**

တင်မောင်(မန်းကိုယ်ပွား)

# ဦးပိန်တံတားကြီးအား ရှင်သန်နေသောအဘိုးအိုအဖြစ် မြင်တွေ့နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပေးကြဖို့လို

**မန္တလေး မေ ၁၇**

နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းကြာမြင့်နေသည့် မန္တလေးမြို့၏အမွေအနှစ်တစ်ခုဖြစ်သည့် ဦးပိန်တံတားကြီးအား ၂၀၁၈ ခုနှစ် ဇန်နဝါရီမှစ၍ တစ်နှစ်လျှင် ငါးလန္ဒန်းဖြင့် သုံးနှစ်အတွင်း ရှေးမူမပျက် စီမံချက်ရေးဆွဲ၍ ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ရာ ပြည်သူအပေါင်းမှလည်း အဆိုပါတံတားကြီး ရှင်သန်နေသော အဘိုးအိုအဖြစ် ရေရှည်တည်တံ့ခိုင်မြဲ၍ အနာဂတ်ကာလများစွာတိုင် ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ ကျန်ရှိစေရေးအတွက် ဝိုင်းဝန်းအကြံပေးကြစေလိုကြောင်း နည်းပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခ ဒေါက်တာဇာခြည်မင်းက ပြောသည်။



"ကျွန်မကို ဂျပန်ပညာရှင်တွေက အကြံပေးခဲ့ဖူးတယ်။ ဒီတံတားကြီးကို လက်ရှိအဟောင်းအတိုင်းပဲ အိုမင်းနေတဲ့ အဘိုးကြီးထိုင်နေတဲ့အတိုင်းပဲ မြင်ချင်ရင် သူ့ရဲ့အင်အားက ကျဆင်းနေတဲ့အတွက် သူ့ကို ဝန်ထုပ်ဝန်ပိုးမပေးတော့ဘဲ Dead Museum လို့ခေါ်တဲ့ ပြတိုက်တစ်ခုအနေနဲ့ပဲပြသထားရမယ်။ Living Museum သက်ဝင်လှုပ်ရှားနေတဲ့ ပုံစံမဟုတ်တော့ဘူး။ ဒေသခံတွေ သွားချင်တယ်ဆိုရင် ကန်ပတ်လမ်းကို ဝန်ဆောင်မှုအပြည့်နဲ့ သေချာဖောက်ပေးမယ်။ တံတားကိုကြည့်ချင်ရင် အပြင်ကနေ ပတ်ကြည့်မယ်။ ရေရှိရင် လှေနဲ့သွားကြည့်မယ်။ ဒါဆိုဒီအဘိုးကြီးက ဆေးထိုး၊ ဆေးတိုက်လုပ်ပေးရုံနဲ့ အသက်ဆက်ရှင်မယ်။ ဒီအတိုင်းပဲ မြင်နေရမယ်။ ဒါမှမဟုတ်ဘဲ သုံးချင်တယ်ဆိုရင်တော့ ဆေးကျွေးရုံနဲ့ မရတော့ဘူး။ လက်တွေ၊ ခြေတွေကို အစားထိုးပေးရတော့မယ်။ ဒါဆို ရှေးမူပုံစံမဟုတ်တော့ဘဲ အသစ်ကိုပဲ မြင်ရတော့မယ်။ အဲဒီနည်းလမ်းနှစ်ခုကြား ကျွန်မတို့ ဒွိဟဖြစ်နေတယ်။ ကျွန်မကတော့ Middle Way ခေါ်တဲ့ အလယ်အလတ်နည်းလမ်းနဲ့ ပြုပြင်ချင်တယ်။ နိုင်ငံတကာက ဘယ်လိုမြင်ချင်ကြသလဲဆိုရင် သက်ဝင်လှုပ်ရှားနေတဲ့ တံတားအိုကြီးအဖြစ်ပဲ မြင်ချင်ကြတယ်။ တံတားကြီး ကြံ့ခိုင်မှုရှိရှိနဲ့ တံတားပေါ်မှာ သွားလာလှုပ်ရှားနေတာကိုပဲ မြင်ချင်ကြတယ်။ ဒါကြောင့် ကောင်းမွန်တဲ့ အကြံဉာဏ်ရှိရင် အားလုံးဆွေးနွေးပေးကြပါ။ ဝိုင်းဝန်းအကြံပေးကြဖို့ လိုပါတယ်။ မြန်မာ့အမွေအနှစ်ဖြစ်တဲ့ ဒီတံတားကြီးကို တကယ်ချစ်ပြီး တန်ဖိုးထားတယ်ဆိုရင် ထိန်းသိမ်းရမှာပါ။ ဒီတံတားပေါ်မှာ တက်လျှောက်ချင်တာပဲသိပြီး တံတားရဲ့ခံနိုင်ဝန်ကို ဘယ်တော့မှ ထည့်ပြီးမစဉ်းစားကြဘူး။ ဒါကြောင့် အသိပညာပေးမှုတွေ အများကြီးလုပ်ဖို့လိုပါတယ်။ အဓိကအနေနဲ့က Information Center ထားရှိဖို့လိုပါတယ်။ လက်ရှိမှာတော့ တံတားကြီးရဲ့ အခြေအနေက လူရှော၊ တံတားပါအန္တရာယ်ရှိတဲ့ အနေအထားကို ရောက်နေပါပြီ"ဟု ၎င်းက ပြောသည်။

အဆိုပါတံတားကြီး ပြုပြင်ထိန်းသိမ်းရန်အတွက် ၂၀၁၅ ခုနှစ်မှစ၍ နည်းပညာတက္ကသိုလ်(မန္တလေး)ဗိသုကာဌာနမှ ကွင်းဆင်းလေ့လာမှုများဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စီမံကိန်းအကြံပြုချက်စာတမ်းအား သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ တင်ပြခဲ့ပြီး ဂျာမနီနိုင်ငံ Ministry of Affair မှ ယူရို ငါးသောင်းထောက်ပံ့မှုရရှိခဲ့မှုဖြင့် မေ ၈ ရက်မှစ၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီခန်းမ၌ ဂျာမနီနိုင်ငံမှ ပညာရှင်နှစ်ဦးဖြင့် ငါးရက်တိုင်တိုင် အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မေ ၁၁ ရက်မှာ ဂျာမနီနိုင်ငံက ပညာရှင်နှစ်ဦးနဲ့အတူ နည်းပညာတက္ကသိုလ်(မန္တလေး)က ကျောင်းသား ကျောင်းသူ ၂၀ နဲ့ တိုင်တွေရဲ့ ကြံ့ခိုင်မှုကို စစ်ဆေးခဲ့ပါတယ်။ ဘာတွေဖြစ်နေလဲ၊ ဘာကြောင့်ဖြစ်တာလဲ၊ ဘာလုပ်ပေးနိုင်မလဲ သိရဖို့ 3D Laser Scanner စက်နဲ့ စစ်ဆေးခဲ့တာပါ။ ကွင်းဆင်းစစ်ဆေးမှုတွေအရ တိုင်လုံးအသစ်တွေ လဲထားပေမယ့်လည်း ခိုင်ခံ့မှုမရှိတာတွေ တွေ့ရတယ်"ဟု ၎င်းက ပြောသည်။

ပြင်ဆင်မှုများလုပ်ဆောင်ရာတွင် လက်ရှိအစားထိုး ပြုပြင်ထားသည့် ကွန်ကရစ်များကို ဖယ်ရှားခြင်း၊ ကျွန်းသစ်မဟုတ်သည့် မျောတိုင်များကို ဖယ်ရှားပြီး ကျွန်းသစ်အသစ်ဖြင့် အစားထိုး၍ မူလဆောက်လုပ်ထားသည့် ဗိသုကာပညာရပ်အတိုင်း ပြုပြင်ထိန်းသိမ်းရန်နှင့် လုပ်ငန်းမစတင်မီ ယခင်ပြုပြင်ထားသည့် လက်စမသတ်သေးသော မြေကျင်းတူးထားမှုများကို ပြန်လည်မြေဖို့ခြင်း စသည့် လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ထားသင့်ကြောင်း ဂျာမနီပညာရှင်များက အကြံပြုထားသည်။

ပြုပြင်ရန်အခက်အခဲများအနေဖြင့် အစားထိုးလဲလှယ်ရာတွင် အသုံးပြုမည့် ကျွန်းသစ်များမရှိခြင်းနှင့်အတူ လုပ်ငန်းဆောင်ရွက်ရာတွင် သုံးစွဲမည့်ရန်ပုံငွေမရှိခြင်း၊ ပြုပြင်မှုများ ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်မည့် အဖွဲ့အစည်းများမရှိခြင်းတို့ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

# ထူးချွန်အောင်မြင်သော ကျောင်းသားလူငယ်များနှင့် ပညာဆည်းပူးလိုသူများအတွက် Scholarship နှင့် အလုပ်အကိုင်အခွင့်အလမ်းများ စတင်လျှောက်ထားနိုင်

**ရန်ကုန် မေ ၁၇**

ပညာရေးဆိုင်ရာ Scholarship နှင့် အလုပ်အကိုင်အခွင့်အလမ်းများအား UK အစိုးရတက္ကသိုလ်ဖြစ်သော Teesside University နှင့် စင်ကာပူနိုင်ငံ အစိုးရအသိအမှတ်ပြု SHRM ကောလိပ်မှ မြန်မာနိုင်ငံအတွင်းရှိ ထူးချွန်အောင်မြင်သော ကျောင်းသားလူငယ်များနှင့် ပညာဆည်းပူးလိုသူများအတွက် သီးသန့်စီစဉ်ချီးမြှင့်သော Scholarship နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို WISDOM Education Centre(WEC)နှင့် i-Connect တို့၌ စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။




အဆိုပါ Teesside University မှ ချီးမြှင့်ပေးအပ်သည့် Scholarship များအတွက် လိုအပ်သည့်ဆွေးနွေးမှု၊ ဗီဇာလျှောက်ထားမှုနှင့် နေထိုင်ရေးစီစဉ်မှုတို့ကို တစ်ပါတည်း One Stop Service အဖြစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် စီးပွားရေး၊ အင်ဂျင်နီယာနှင့် အိုင်တီဘာသာရပ်များအပြင် အခြားဘာသာရပ်များကို အထူးတလည် ရွေးချယ်သင်ကြားနိုင်ရန် Scholarship အမျိုးမျိုးကို စတင်စီစဉ်ပေးနေပြီဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ အစိုးရအသိအမှတ်ပြု 4 Year Edutrust နှင့် Singapore Quality Class (SQC) ရရှိထားသော SHRM ကောလိပ်မှ မြန်မာနိုင်ငံရှိ ကျောင်းသားများအတွက် Scholarship များနှင့် စင်ကာပူနိုင်ငံတွင် လစာပေး အလုပ်သင်များကိုပါ တွဲဖက်ခေါ်ယူမည့်သင်တန်းများအား စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မည်သည့်ဘွဲ့မဆို ရရှိထားသော ကျောင်းသားများအနေဖြင့် တစ်လလျှင်ပျမ်းမျှ စင်ကာပူဒေါ်လာ ၁၂၀၀ မှ ၁၆၀၀ အထိ လစာပေးသည့် အလုပ်သင် Internship ဘာသာရပ်ကိုလည်း အထူးအခွင့်အရေးအဖြစ် Scholarship များ လျှောက်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း WISDOM Education Centre(WEC) တည်ထောင်ထားသော ဆရာ ဦးရန်ဝင်းနောင်က ပြောကြားသည်။

WISDOM Education Centre(WEC) တည်ထောင်ထားသော ဆရာ ဦးရန်ဝင်းနောင်က "အဓိကတော့ ကျွန်တော်တို့နိုင်ငံမှာရှိနေကြတဲ့ ကျောင်းသား ကျောင်းသူတွေဟာ ပြင်ပနိုင်ငံတွေမှာ ပညာဆည်းပူးကြတာများပါတယ်။ တချို့ကြတော့လည်း အလုပ်အကိုင်လိုချင်လို့ သွားကြတာလည်း ရှိပါတယ်။ အဓိကတော့ စင်ကာပူနိုင်ငံမှာ ပညာသင်ကြားရင်း အလုပ်လုပ်ကိုင်နိုင်တာပါဆိုတာကို ကျောင်းသားလူငယ်တွေ သိစေချင်လို့ပါ။ နောက်တစ်ခုက အင်္ဂလန်နိုင်ငံရဲ့ ပညာရေးစနစ်ကလည်း မြင့်မားတာမို့ ကျောင်းသား ကျောင်းသူတွေအတွက် One Stop Service အနေနဲ့ နေထိုင်မှုကအစ အဆင်ပြေစေဖို့ ကျွန်တော်တို့နဲ့ချိတ်ဆက်ထားတဲ့ ကျောင်းတွေမှာ ပညာသင်စေလွှတ်တာပါ။ ခုက တက္ကသိုလ်ဒုတိယနှစ်ပညာသင်ကြားတဲ့ ကျောင်းသား ကျောင်းသူတွေအတွက်လည်း 5 star အဆင့်ရှိတဲ့ စားသောက်ကုန်နဲ့ အဖျော်ယမကာပိုင်းဆိုင်ရာ ဒီပလိုမာ Cost ကို ခြောက်လတက်ပြီးတာနဲ့ အလုပ်ခွင်ကို ခြောက်လလုပ်နိုင်အောင် စီစဉ်ပေးထားပါတယ်။ ပညာသင်စရိတ်လည်း ကာမိမှာပါ။ ပညာသင်ရင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းကို တစ်ပါတည်းပေးနိုင်တဲ့ ကျောင်းကို ကျောင်းသား ကျောင်းသူတွေအတွက် မိတ်ဆက်ပေးချင်တာပါ။ အလုပ်အကိုင်အတွက်လည်း ကျောင်းကစီစဉ်ပေးပါလိမ့်မယ်။ ကျောင်းသားဦးရေက ကန့်သတ်ထားတာမရှိပါဘူး"ဟု ရှင်းပြသည်။

ထိုအတွက်ကြောင့် Scholarship နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို စိတ်ဝင်စားသော ကျောင်းသားလူငယ်များအနေဖြင့် WISDOM Education Centre(WEC) ၏ ဖုန်း-၀၉-၄၂၀၁၄၀၇၀၅၊ ၀၉-၇၉၈၄၃၇၇၈၂ နှင့် i-Connect International Education Consultancy & Training Center Teesside University နှင့် SHRM College ၏ မြန်မာနိုင်ငံ အခြေစိုက်ကိုယ်စားလှယ်ရုံး ဖုန်း-၀၉-၄၅၃၇၇၇၂၂၃ နှင့် ၀၉-၄၅၃၇၇၇၂၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

■

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ ပြသထားရှိနိုင်ရေး တွေ့ဆုံဆွေးနွေး

**လှိုင်ကော် မေ ၁၇**

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုတိုးတက်မြင့်မားရေးနှင့် ပြည်သူများသိရှိလေ့လာနိုင်ရန်အတွက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲအစည်းအဝေးကို လှိုင်ကော်ခရိုင် ပြည်သူ့စာကြည့်တိုက် Community Centre ၌ မေ ၁၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က ပြည်သူ့စာကြည့်တိုက်အတွင်းရှိ ပြတိုက်ငယ်တွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပြကွက်များ ခင်းကျင်းပြသထားရခြင်း ရည်ရွယ်ချက်နှင့် လက်ရှိပြသထားမှုအခြေအနေအား ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များက စုဆောင်းထိန်းသိမ်းအသုံးပြုလျက်ရှိသည့် စာအုပ်စာပေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် ပြတိုက်ငယ်အတွင်း ပြည်သူများလွယ်ကူစွာလေ့လာဖတ်ရှုနိုင်ရန်အတွက် ဂေဘား၊ ကယော၊ ကယား၊ ကယော်မိုနူ၊ ယင်းတလဲ၊ ကယန်း စသည့် တိုင်းရင်းသားတို့၏ စာပေဆိုင်ရာ စာအုပ်များကို သက်ဆိုင်ရာကော်မတီဝင်အသီးသီးတို့က ပြည်သူ့စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကယားပြည်နယ် (ပြန်/ဆက်)**



**စာပေမြင့်မှ လူမျိုးတင့်မည်**

# ရသေ့တောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး

**ရသေ့တောင် မေ ၁၇**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ရသေ့တောင်မြို့နယ်အတွင်းရှိ ဂူတောင်ကျေးရွာ၊ ဇီးကိုင်းကျေးရွာနှင့် နွားတင်းကုတ်ကျေးရွာများ၌ ယနေ့ နံနက် ၇ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးပြီး တိရစ္ဆာန်များ သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဂူတောင်ကျေးရွာရှိ အလျား ပေ ၅၀၊ အနံ ၁၈ ပေ လူနေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးပြီး တိရစ္ဆာန်များလည်း သေဆုံးခဲ့သည်။ ဇီးကိုင်းကျေးရွာရှိ အလျား ရှစ်ပေ၊ အနံ ခုနစ်ပေ လူနေအိမ်တစ်လုံးနှင့် နွားတင်းကုတ်ကျေးရွာရှိ အလျား ပေ ၆၀၊ အနံ ပေ ၃၀ အမက စာသင်ကျောင်းတစ်ဆောင် ပျက်စီးဆုံးရှုံးခဲ့သည်။



အဆိုပါ လေပြင်းတိုက်ခတ်သော ကျေးရွာများသို့ တာဝန်ရှိသူများ သွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့သော စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် တိရစ္ဆာန်များ ဆုံးရှုံးခဲ့မှုအတွက် ကူညီဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါက်တောမြို့၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၇**
ပေါက်တောမြို့ (၃)ရပ်ကွက်တွင် ယနေ့နံနက် ၈ နာရီခွဲခန့်က စက်သုံးဆီနှင့် ကုန်စုံရောင်းချသော ဆိုင်မှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (၃)ရပ်ကွက်ရှိ ဦးနိုင်နိုင်ထွန်း၏ စက်သုံးဆီနှင့် ကုန်စုံရောင်းချသော ဈေးဆိုင်အတွင်း စွန့်ပစ်ခဲ့သော ဆေးလိပ်မီးမှတစ်ဆင့် ဓာတ်ဆီပုံးများသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လူနေဈေးဆိုင်ခန်း ၁၄ ခန်း မီးလောင်ကျွမ်းခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး တန်ဖိုးငွေကျပ် သိန်း ၁၅၀ ခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အမျိုးသား ၁၃ ဦး၊ အမျိုးသမီး တစ်ဦး မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် ပေါက်တောဆေးရုံမှတစ်ဆင့် စစ်တွေဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမြန်လမ်းမကြီး၌ ယာဉ်မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၇**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ကျောက်တံခါးမြို့နယ် မိုင်တိုင်အမှတ် (၉၇/၄ နှင့် ၅) အကြား ရန်ကုန်မှ မန္တလေးသို့ ယာဉ်မောင်း သန်းဇော်ဦး မောင်းနှင်လာသော Yutong အမျိုးအစား Express မော်တော်ယာဉ်သည် မန္တလေးသို့ ကားကိုယ်ထည်ဆေးသုတ်ရန် မောင်းနှင်သွားစဉ် ယနေ့နံနက် ၂ နာရီ မိနစ် ၅၀ ခန့်က အင်ဂျင်ခန်းမှ မီးခိုးများထွက်၍ လမ်းဘေးမြေသားပေါ်သို့ ရပ်တန့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်ကြောင့် လူထိခိုက်မှု မရှိသော်လည်း ယာဉ်မှာ တစ်စီးလုံး မီးလောင်ပျက်စီးသွားသည်။

သို့ပါ၍ ယာဉ်မောင်း သန်းဇော်ဦးအား ယာဉ်ကိုပေါ့ဆစွာမောင်းနှင်မှုကြောင့် မြို့ချောင်းအမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ ရာဇသတ်ကြီးပုဒ်မ ၂၇၉/၂၈၉ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# ပခုက္ကူမြို့တွင် (၂၂)နှစ်အတွင်း မေလမိုးရေချိန် စံချိန်သစ်တင်

**ပခုက္ကူ မေ ၁၇**
ပခုက္ကူမြို့နယ်တွင် မေ ၁၆ ရက် ည ၉ နာရီခွဲမှ မေ ၁၇ ရက် နံနက် ၆ နာရီအထိ မိုးများရွာသွန်းခဲ့ကြောင်း သိရသည်။



ပခုက္ကူခရိုင် မိုးလေဝသနှင့် ဇလဗေဒစခန်းကို ၁၉၉၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မိုးလေဝသနှင့် ဇလဗေဒစခန်း၏ မှတ်တမ်းများအရ ၂၀၀၃ ခုနှစ် မေလတွင် ၃ ဒသမ ၁၉ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

ယမန်နေ့က ရွာသွန်းခဲ့သော မိုးရေချိန်ကို မေ ၁၇ ရက် နံနက် ၉ နာရီ တိုင်းထွာချက်အရ ၃ ဒသမ ၅၄ လက်မရှိကြောင်း သိရသည်။ စခန်းဖွင့်ပြီး နှစ်ပေါင်း (၂၂)နှစ်အတွင်း ရရှိသော မိုးရေချိန်စံချိန်သစ်မှတ်တမ်းသစ်တစ်ခုဖြစ်ကြောင်း ပခုက္ကူခရိုင် မိုးလေဝသနှင့်ဇလဗေဒ ဦးစီးအရာရှိ ဦးနေဝင်းထံမှ သိရသည်။

**(တင်အောင်ဝင်း)**

# ဘူးသီးတောင်မြို့၌ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၇**
ဘူးသီးတောင်မြို့ မြို့သစ်တောင် ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့် ဇော်ဆန်းဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်၌ ယနေ့ နံနက် ၃ နာရီခွဲခန့်က ဆိုင်ကယ်ဓာတ်ဆီတိုင်ကီ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၎င်းဆိုင်နှင့် ကပ်လျက် ဆိုင်ခန်း ခြောက်ခန်း မီးကူးစက်လောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေကျပ် ၂၅ သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကလေးမြို့နယ်တွင် ဆေးခြောက်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၇**
မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၆ ရက်က ကလေးမြို့နယ် ဝက်ရေဖြူကျေးရွာနှင့် မကွေ့ကျေးရွာကြား ကလေး-သာစည်သွားကားလမ်း မိုင်တိုင်အမှတ် (၅၉/၁)၌ အောင်ကျော်လတ် မောင်းနှင်ပြီး ကျော်ကျော်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်မေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသောကြောင့် လိုက်လံဖမ်းဆီးခဲ့ရာ ကလေးမြို့နယ် မကွေ့ကျေးရွာ မင်းမဟော်တောင် ဘုန်းကြီးကျောင်းရှေ့ မိုင်တိုင်အမှတ်(၅၅/၆)၌ မော်တော်ယာဉ်အား ယာဉ်မောင်း အောင်ကျော်လတ်နှင့်အတူ တွေ့ရှိ၍ မော်တော်ယာဉ်အား ရှာဖွေရာ ဆေးခြောက် ငါးကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်လတ်(၄၆)နှစ်နှင့် ကျော်ကျော်ဦး(ဖမ်းမမိသေး)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၅ စီး၊ သွင်းကုန် ၄၈၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၇ စီးဖြင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၃၃ ဒသမ ၂၄၆ သန်းခန့်)နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၀၉၃၆ သန်းခန့်) စုစုပေါင်း ၁၄ မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၃၅ ဒသမ ၃၃၉၆ သန်းခန့်)သိမ်းဆည်းရမိကြောင်း သိရသည်။



ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၁၆ ရက်တွင် ဘုရားကြီးမြို့အဝင် တိုးဂိတ်အနီး၌ Mitsubishi fuso ၁၂ ဘီးယာဉ်အား ပဲခူးတိုင်းဒေသကြီး အကောက်ခွန် ဦးစီးဌာနမှူးရုံး တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ပဲနို့ (12mlx60) (20) Pkgs,Lipo (100mlx50) (20) Pkgs, Vermicelli (55gx30x6)(45) Pkgs,Birdy Coffeemix(30x24) (20)Pkgs,Yum Yum ခေါက်ဆွဲခြောက် (1x30) (150) Pkgs နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၃၀ ဒသမ ၇၂၅ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူဆယ်တွင် မီးလောင်မှုဖြစ်ပွား နှစ်ဦးသေဆုံး

**မူဆယ် မေ ၁၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ ဟိုမွန်ရပ်ကွက်တွင် မေ ၁၇ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က ဒေါ်နန်းခေါင်၏ နှစ်ထပ်အိမ်အောက်ရှိ ဝါယာရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသီဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်တို့၏ လမ်းညွှန်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအေးမြင့် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်မှူး ဦးထွန်းထွန်းစိုး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၂၀၊ မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၅၅ မိနစ်တွင် မီးညွန့်ကျိုးခဲ့ပြီး နံနက် ၃ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်နန်းခေါင် (၇၆)နှစ်နှင့် ဒေါ်နန်းရွှေငွေ(၅၂) နှစ်တို့ မီးလောင်ကျွမ်းသေဆုံးခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# ရေတွင်းတူးရာမှ စစ်ကျန်ခဲယမ်းများတွေ့

**မြစ်ကြီးနား မေ ၁၇**
မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာတွင် နေအိမ်ခြံဝင်းအတွင်း ရေတွင်းတူးဖော်ရာမှ စစ်ကျန်ခဲယမ်းများကို မေ ၁၅ ရက် ညနေ ၄ နာရီက တွေ့ရှိခဲ့ရကြောင်း သတင်းရရှိသည်။

တွေ့ရှိသည့်နေရာမှာ သိုက်ဝါးကုန်းကျေးရွာမှ တောင်သူ ဦးချစ်ကိုဦး၏ နေအိမ်ခြံဝင်းအတွင်းမှဖြစ်ပြီး ရေတွင်းတူးနေစဉ် အနက်ကိုးပေခန့်သို့အရောက်၌ သံချေးတက်နေသော စစ်ကျန်ခဲယမ်းများဖြစ်သည့် ဒသမ ၃၀၃ ရိုင်ဖယ်ကျည်ဆန် ၁၂၂ တောင့်၊ ၃၆ ခွင်းဗုံးတစ်လုံး၊ လေယာဉ်ပစ်ဗုံး တစ်လုံး၊ အမြောက်ကျည်ခွံတစ်ခု၊ ဒသမ ၃၀၃ ကျည်ခွံတစ်ခုတို့ကို တူးဖော်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

တူးဖော်ရရှိလာသည့် အဆိုပါ ခဲယမ်းများအား သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(မင်းမင်းဦး)**

# ငါးပူတင်းနှင့် ငါးကလီစာများစားသောကြောင့် မိသားစုသုံးဦး သေဆုံး

**ဂွ မေ ၁၇**
ရခိုင်ပြည်နယ် ဂွမြို့နယ် မကျေးငူကျေးရွာအုပ်စု ရွှေရချိုင်ရွာနေ ကိုတိုးမြင့်ဆွေ (၃၀)နှစ်၊ ဇနီး မန္တယ်နွယ်လှိုင် (၂၅)နှင့် သမီးဖြစ်သူ မလင်းလက်ဝေ ခြောက်နှစ်တို့သုံးဦးမှာ ငါးပူတင်းငါးနှင့် ငါးကလီစာများကို ဟင်းချက်၍ ထမင်းအတူစားခဲ့ကြသည်။ ခဏအကြာတွင် မူးဝေအော့အန်ကြသောကြောင့် ဦးစန်းလွင်(အုပ်ချုပ်ရေးမှူး)က ဆေးရုံသို့ ပို့ပေးခဲ့ရာ ဆေးရုံအရောက် မေ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားခဲ့သည်။ မန္တယ်နွယ်ဝင်းနှင့် မလင်းလက်ဝေတို့မှာ ဆက်လက်ဆေးကုသနေစဉ် မွန်းလွဲ ၁၂ နာရီခွဲတွင် မလင်းလက်ဝေမှာ အရင်သေဆုံးပြီး မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မန္တယ်နွယ်လှိုင်မှာ ထပ်မံသေဆုံးသွားခဲ့သည်။ သေဆုံးသူအလောင်းများအား ဆေးစာရေးပို့အပ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**မြို့နယ် (ပြန်/ဆက်)**

# လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

**နွေဈေးကွက်ဖွင့်လှစ်ချိန် နီးကပ်လာခြင်းနဲ့အတူ ကလပ်အသင်းကြီးအသင်းငယ်တွေက သူတို့အလိုရှိတဲ့ ကစားသမားတွေကိုရရှိဖို့ ခုကတည်းက ကြိုးပမ်းနေတာကြောင့် အပြောင်းအရွှေ့သတင်းတွေဟာ ပိုပြီးလှုပ်ခတ်လာတာကို တွေ့ရပါတယ်။ အရင်ကထွက်ပေါ်နေတဲ့ သတင်းတွေအပြင် ရာသီကုန်ခါနီးအထိ ခြေစွမ်းမှန်မှန်နဲ့ ခရီးဆက်လာနိုင်တဲ့ ကစားသမားတွေကို အသင်းများစွာက ပိုင်ဆိုင်အလိုရှိနေတာကိုလည်း ဒီလိုအချိန်မှာပိုတွေ့လာရပါတယ်။ ကဲဘယ်ကစားသမားတွေကို ဘယ်အသင်းတွေက အလိုရှိနေသလဲ၊ ဘယ်ကစားသမားက ဘယ်အသင်းကို ပြောင်းရွှေ့ဖို့ရွေးချယ်နိုင်ခြေပိုရှိသလည်းဆိုတာကို ကြည့်ကြရအောင်ပါ။**

### မိုရာတာအတွက် ပေါင်သန်း ၅၀ သုံးစွဲမယ်ဆိုတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းရဲ့ အဓိကလိုအပ်နေတဲ့ အစိတ်အပိုင်းတစ်ရပ်ဟာ အဆုံးသတ်ပိုင်းကောင်းမွန်တဲ့ တိုက်စစ်မှူးတစ်ဦးဆိုတာ ဘယ်သူမှငြင်းနိုင်မယ် မထင်ပါဘူး။ ဒီကြားထဲ အသင်းကအားထားရတဲ့ တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်က လာမယ့်နွေဈေးကွက်အတွင်း အာဆင်နယ်က ထွက်ခွာဖို့နီးစပ်နေတာကြောင့် တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေခေါ်ယူဖို့ လိုအပ်နေတာဖြစ်ပါတယ်။



ဒါကြောင့်လည်း ရီးယဲလ်မှာ ပွဲထွက်ချိန်နည်းပါးတဲ့ မိုရာတာကို ချယ်လ်ဆီး၊ မန်ယူတို့နဲ့အပြိုင်ခေါ်ယူဖို့ အာဆင်နယ်ဘက်က အားထုတ်လာတာဖြစ်ပါတယ်။ အာဆင်နယ်ကမိုရာတာကို ပေါင်သန်း ၅၀ နဲ့ စတင်ကမ်းလှမ်းသွားမှာဖြစ်ပြီး ရီးယဲလ်ဘက်က သူတို့တိုက်စစ်မှူးအတွက် ပေါင်သန်း ၆၀ အထက် အလိုရှိနေတာကြောင့် အာဆင်နယ်ငွေသုံးဖို့ လက်မတွန့်မှသာလျှင် မိုရာတာကို ရနိုင်ခြေရှိပါတယ်။ ခန့်မှန်းချက်တွေကတော့ မိုရာတာဟာ အာဆင်နယ်ထက်ဆို သူ့နဲ့ ခင်မင်ရင်းစွဲရှိတဲ့ နည်းပြကွန်တီရှိရာ ချယ်လ်ဆီးကိုသာ ရောက်ရှိနိုင်ခြေ ရာခိုင်နှုန်းပိုများတယ်လို့ သိရပါတယ်။



### စမစ်အတွက် အပြိုင်ဖြစ်နေတဲ့ ချယ်လ်ဆီးနဲ့ စပါး

ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးနဲ့ စပါးတို့ဟာ လက်ရှိအမှတ်ပေးဇယားမှာ အဆင့်(၁)နဲ့ (၂) နေရာကိုရယူပြီး အပြိုင်ဖြစ်နေသလို ဘုန်းမောက်နောက်ခံလူ အဒမ်စမစ်အတွက်လည်း အပြိုင်ဖြစ်နေတာပါ။ စမစ်ဟာ ကစားသမားဘဝကို စပါးအသင်းမှာ စတင်ခဲ့သူဖြစ်ပြီး အသင်းဟောင်းကို တစ်ကျော့ပြန်ခြေချဖို့ အလားအလာများနေတာ ဖြစ်ပါတယ်။

စပါးက မန်စီးတီးကို ထွက်ခွာဖွယ်ရှိနေတဲ့ ဝေါ်ကာနေရာတွင် စမစ်ကိုအစားထိုးဖို့ အကြိုချိတ်ဆက်မှုတွေကို မြင်တွေ့နေရတာဖြစ်ပါတယ်။ ချယ်လ်ဆီးကလည်း စတုတ်၊ ဘန်လေတို့နဲ့ ဘုန်းမောက်ကစားခဲ့တဲ့ပွဲစဉ်တွေအတွင်း စမစ်ရဲ့ခြေစွမ်းကို လာရောက်ကြည့်ရှုခဲ့တာကြောင့် စမစ်ရရှိရေး ပြိုင်ပွဲထဲမှာ ချယ်လ်ဆီးပါဝင်နေတယ်ဆိုတာ ထင်ရှားတဲ့အချက် ဖြစ်နေပါတယ်။

### ဘေးလ်အတွက် မန်ယူနဲ့ ရီးယဲလ်ကြား ဆွေးနွေးနေ

မန်ယူအသင်းဆိုတာ ရီးယဲလ်ကို ဘေးလ်မပြောင်းရွှေ့ခင်ကတည်းက ခေါ်ယူဖို့ကြိုးပမ်းနေတဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ဘေးလ်က ရီးယဲလ်ကိုသာ ရွေးချယ်ခဲ့လို့ မန်ယူရဲ့ တောင်ပံတိုးအားနဲ့ တည်ဆောက်တဲ့ ကစားဟန်အားမကောင်းခဲ့သလို ဘေးလ်ကို ခေါ်ယူနိုင်ဖို့ အမြဲတမ်းကြိုးပမ်းခဲ့ပေမယ့် ရီးယဲလ်ဘက်ကလည်း လက်မခံခဲ့တာ



ကြောင့် မန်ယူနဲ့ဘေးလ် လက်တွဲမှုဖြစ်မြောက်မလာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်တော့ ဒဏ်ရာပြဿနာမကြာခဏကြုံနေရတဲ့ ဘေးလ်ကို ရီးယဲလ်ကလည်း ရောင်းချဖို့ စိတ်ကူးလာပြီး ဂျူဗီရဲ့ ဒိုင်ဘာလာ၊ မိုနာကိုရဲ့ မက်ပီတို့နဲ့အစားထိုးဖို့ ကြံရွယ်နေတာဖြစ်ပါတယ်။

ရီးယဲလ်က ဘေးလ်ကို ဝယ်ယူခဲ့စဉ်က ပေးချေခဲ့ရတဲ့နှုန်းထားအတိုင်းပြန်ရရင် ထုတ်ရောင်းမယ်လို့ သိရပြီး မန်ယူဘက်ကလည်း ဒီပမာဏလောက် သုံးစွဲဖို့အသင့်ပဲလို့ ဆိုပါတယ်။ မန်ယူဟာ ဘေးလ်အပြင် အက်သလက်တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ အဲဗာတန်တိုက်စစ်မှူး လူကာကူ၊ စပါးကွင်းလယ်လူ ဒိုင်ယာတို့ကိုလည်း ခေါ်ယူဖို့ ကြိုးပမ်းနေပါတယ်။ ဒါပေမယ့် ဒီကစားသမားတွေဟာလည်း မန်ယူရာသီကုန် ချန်ပီယံလိဂ်ဝင်ခွင့်ရမှသာ လာရောက်ပူးပေါင်းဖွယ်ရှိလို့ ယူရိုပါလိဂ်ဖလားရယူရေးဟာ မန်ယူအတွက်သေရေးရှင်ရေးဖြစ်နေပါတယ်။



### လက်စတာကထွက်မယ့် မာရက်ဇ်ကို ခေါ်ယူဖို့ စိတ်ဝင်စားတဲ့အထဲ ဘာစီလိုနာပါ ပါဝင်လာ

ဘာစီလိုနာအသင်းဟာ လက်စတာတောင်ပံတိုက်စစ်မှူး မာရက်ဇ်ရရှိရေး ပြိုင်ပွဲတွင်းဝင်ရောက်လာခဲ့ပြီး အာဆင်နယ်၊ ပီအက်စ်ဂျီ၊ စပါးနဲ့ လီဗာပူးတို့ကလည်း မာရက်ဇ်ရဲ့ အခြေအနေကို စိတ်ဝင်တစားစောင့်ကြည့်နေပါတယ်။ ယခုနှစ် လက်စတာအသင်းရဲ့ အနိမ့်အမြင့်အတက်အကျ ကြမ်းကြမ်းတွေကြား အသင်းပြောင်းမယ်လို့ နာမည်ထွက်နေတဲ့ထဲမှာ ဂိုးသမား ရှမိုက်ကယ်နဲ့ မာရက်ဇ်တို့က ထိပ်ဆုံးမှာ ရှိနေပါတယ်။

မာရက်ဇ်ဟာ လာမယ့်နွေဈေးကွက်အတွင်း သူလက်စတာကနေထွက်မယ်လို့ နီးစပ်သူတွေကို ပြောကြားခဲ့ကြောင်း ယခုရက်သတ္တပတ်အစောပိုင်းကတည်းက သတင်းတွေထွက်လာခဲ့တာ ဖြစ်ပါတယ်။ လက်စတာအသင်းကတော့ မာရက်ဇ်ကို လက်မလွှတ်လိုပေမယ့် ကာယကံရှင်ရဲ့ဆန္ဒကလည်း ရှိသေးတာကြောင့် ပေါင် ၃၅ သန်းအထက်သုံးမယ်ဆိုရင် မာရက်ဇ်ကို ရနိုင်တယ်လို့ဆိုပါတယ်။

### ဝင်းဂါးနေရာ အစားထိုးဖို့ ဂျာဒင်ကို အာဆင်နယ် ထိပ်ဆုံးက ပစ်မှတ်ထား

အာဆင်နယ်အသင်းဟာ နည်းပြ ဝင်းဂါးနဲ့ စာချုပ်သက်တမ်း ထပ်တိုး၊ မတိုး မရေရာတဲ့ အခြေအနေမှာ



မူလကနာမည်ထွက်နေတဲ့ ဂျူဗင်တပ်နည်းပြ အယ်လီဂရီ၊ အက်သလက်နည်းပြ ဆီမြွန်နီတို့မဟုတ်ဘဲ မိုနာကိုနည်းပြ ဂျာဒင်လို့ တစ်ပြေးနေပါတယ်။ ဂျာဒင်ကတော့ သူ့အနာဂတ်ကို ရာသီကုန်မှသာ ဆွေးနွေးမယ်လို့ ပြောထားပေမယ့် အင်တာမီလန်၊ အာဆင်နယ်၊ ဆီဗီလာတို့က ချိတ်ဆက်နေတာကြောင့် ဘယ်အသင်းကို ဂျာဒင်ရွေးမလဲ စောင့်ကြည့်ရဦးမှာပါ။ အာဆင်နယ်ကစားသမားအများစုက ဝင်းဂါးဆက်ရှိရေးကို လိုလားကြပေမယ့် ပရိသတ် ဆန့်ကျင်မှုမြင့်တက်နေတဲ့ ဝင်းဂါးနေရာမှာ ငယ်ရွယ်ပြီး ထူးချွန်တဲ့နည်းပြတစ်ဦးကို အစားထိုးဖို့ အာဆင်နယ်က ဘက်ပြောင်းစဉ်းစားလာတာ ဖြစ်ပါတယ်။

မေလှသင်း-စုစည်းသည်

# အိမ်ကွင်းမှာ ချန်ပီယံဆုကိုနိုင်ပွဲနဲ့ရယူမယ့် ဂျူဗင်တပ်

ရှိုင်း မင်း မင်း

**စီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်(၃၇)ကို လာမယ့် မေ ၂၀၊ ၂၁၊ ၂၂၊ ၂၃ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဂျူဗင်တပ်ဟာ အိမ်ကွင်းမှာကစားရမှာဖြစ်ပြီး နိုင်ပွဲရရှိခဲ့မယ်ဆိုရင်တော့ ချန်ပီယံဖြစ်သွားမှာဖြစ်တာကြောင့် ဂျူဗင်တပ်နိုင်ပွဲရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။**

### ချီယေဗို - ရိုးမား ည ၁၀း၃၀ (၂၀-၅-၁၇)

ဂျူဗင်တပ်ကိုအနိုင်ရရှိခဲ့မှုနဲ့အတူ ချန်ပီယံမျှော်လင့်ချက် ပြန်လည်ရှင်သန်လာတာကြောင့် ဒီပွဲကိုလည်းရိုးမားတို့ နိုင်ပွဲရအောင် အားစိုက်လာဖို့ရှိနေပါတယ်။ ချီယေဗိုကတော့ တန်းမဆင်းရဖို့သေချာနေသလို အမှတ်မလိုတဲ့အပြင်ခြေစွမ်းပိုင်းကလည်းသာမန်သာရှိတာကြောင့် ဒီပွဲမှာရိုးမားကိုထိန်းနိုင်ဖို့ခက်မယ်။ အထူးသဖြင့် ရိုးမားအနေနဲ့ ဂျူဗင်တပ်ကိုဖိအားပေးနိုင်ဖို့အားစိုက်လာမှာဖြစ်တာကြောင့် ဒီပွဲမှာ ရိုးမားကသာ နိုင်ပွဲရမယ်။

### နာပိုလီ - ဖီအိုရင်တီးနား နံနက် ၁း၁၅ (၂၁-၅-၁၇)

အေစီမီလန်သာခြေချော်ခဲ့ရင် ဥရောပဝင်ခွင့်မျှော်လင့်နိုင်တဲ့ အခြေအနေမှာရှိနေတာကြောင့် ဖီအိုရင်တီးနားတို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ဖီအိုရင်တီးနားခြေကလည်း ကောင်းမွန်မှုရှိနေသလို တိုက်စစ်ကလည်းဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့် နာပိုလီခြေကလည်း ကောင်းမွန်နေတာကြောင့် ဖီအိုရင်တီးနားအခက်တွေ့နိုင်ပါတယ်။ နာပိုလီရဲ့ အိမ်ကွင်းလည်းဖြစ်နေတာကြောင့်လည်း ဖြစ်ပါတယ်။

### အမ်ပိုလီ - အတ္တလန်တာ ည ၇း၃၀ (၂၁-၅-၁၇)

အတ္တလန်တာက ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် သေချာနေပြီဖြစ်ပါတယ်။ အတ္တလန်တာအနေနဲ့ လက်ရှိခြေစွမ်းပိုင်းကကောင်းမွန်နေတာ မှန်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းအနည်းငယ် ကျဆင်းတတ်ပါတယ်။အမ်ပိုလီကတော့တန်းမဆင်းရဖို့ မသေချာသေးတာကြောင့် အားစိုက်ကစားလာမှာပါ။ အမ်ပိုလီရဲ့အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အတ္တလန်တာတို့အခက်တွေ့နိုင်ကာ အမ်ပိုလီ သရေလောက်ရဖို့ရှိတယ်။

### ဆာစူအိုလို - ကယ်ဂလီယာရီ ည ၇း၃၀ (၂၁-၅-၁၇)

နှစ်သင်းစလုံးတန်းတင်ကျန်ရစ်ဖို့ သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာနှစ်သင်းစလုံး ထိန်းကစားကြမှာဖြစ်ပေမယ့် ဆာစူအိုလိုခြေက ပိုမိုတည်ငြိမ်မှုရှိနေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အထူးသဖြင့် ဆာစူအိုလိုက အခုနောက်ပိုင်းပွဲတွေမှာ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆာစူအိုလိုသာ နိုင်ပွဲရနိုင်ပါတယ်။

### ဂျူဗင်တပ် - ခရိုတိုနီ ည ၇း၃၀ (၂၁-၅-၁၇)

ဂျူဗင်တပ်က ရိုးမားကိုရှုံးနိမ့်ခဲ့ရပေမယ့်လည်း ဒီပွဲမှာသာနိုင်ပွဲရယူနိုင်ခဲ့ရင် ချန်ပီယံဖြစ်ဖို့သေချာသွားမှာဖြစ်တယ်။ ဒါကြောင့်လည်း ဂျူဗင်တပ်တို့နိုင်ပွဲရဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ဂျူဗင်တပ်အနေနဲ့ ကြားရက်မှာ ကိုပါအီတာလီယာဖလားပွဲ ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနေနိုင်သလို ခရိုတိုနီကလည်း တန်းမဆင်းရဖို့ အားစိုက်လာမှာဖြစ်တာကြောင့် ဂျူဗင်တပ်တို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပါတယ်။ ဂျူဗင်တပ် ကပ်ပြီးသာနိုင်မယ်။

### အူဒီးနီးစ် - ဆမ့်ဒိုးရီးယား ည ၇း၃၀ (၂၁-၅-၁၇)

အခုနောက်ပိုင်းမှာ ဆမ့်ဒိုးရီးယားခြေက ကျဆင်းနေပါတယ်။ အမှတ်မလိုတော့သလို အဝေးကွင်းလည်းဖြစ်နေပါတယ်။ အထူးသဖြင့် ဆမ့်ဒိုးရီးယားဟာ အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်း ပိုမိုအားနည်းတတ်ပါတယ်။ အူဒီးနီးစ်ကတော့ အမှတ်မလိုတော့ပေမယ့် အိမ်ကွင်းဖြစ်လို့ ဂရုတစိုက်ကစားလာမှာပါ။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆမ့်ဒိုးရီးယား အခက်အခဲနဲ့ရင်ဆိုင်ရနိုင်သလို အမြင့်ဆုံးသရေလောက်ပဲရမယ်။

### မီလန် - ဘိုလော့နာ ည ၇း၃၀ (၂၁-၅-၁၇)

လက်ရှိအချိန်မှာ မီလန်ဟာ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ ဖီအိုရင်တီးနားနဲ့ အားပြိုင်နေရကာ ဖီအိုရင်တီးနားက နာပိုလီနဲ့ပွဲကျပ်ကြုံနေတာကြောင့်လည်း ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေတယ်။ လက်ရှိအချိန်မှာ မီလန်ခြေက အားနည်းနေတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်တဲ့အပြင် ဘိုလော့နာကလည်း အမှတ်မလိုတော့လို့ အားစိုက်ကစားလာဖို့ခက်တယ်။ အိမ်ကွင်းမှာမီလန်ပဲ အနိုင်ရမယ်။

### ဂျီနိုအာ - တိုရီနို ည ၇း၃၀ (၂၁-၅-၁၇)

ဂျီနိုအာက တန်းမဆင်းရဖို့အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် ဂျီနိုအာက အိမ်ကွင်းပွဲတွေမှာ အသင်းလိုက်ရုန်းအားက ပိုမိုကောင်းမွန်မှုရှိတတ်ပါတယ်။ တိုရီနိုကတော့လက်ရှိအချိန်မှာ ခြေစွမ်းကျဆင်းနေပါတယ်။ ဒါကြောင့် တန်းမဆင်းရဖို့အားစိုက်လာမယ့် ဂျီနိုအာကပ်နိုင်မယ်။

### လာဇီယို - အင်တာ နံနက် ၁း၁၅ (၂၂-၅-၁၇)

မီလန်၊ ဖီအိုရင်တီးနားတို့ခြေချော်ခဲ့ရင် ယူရိုပါလိဂ်ဝင်ခွင့်ရနိုင်သေးလို့ အင်တာတို့ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်းလက်ရှိအချိန်မှာအင်တာအနေနဲ့ ခြေစွမ်းပိုင်းကျဆင်းနေကာ အိမ်ကွင်းပွဲတွေ မှာတောင် နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်နေရပါတယ်။ လာဇီယိုကတော့ယူရိုပါလိဂ်ဝင်ခွင့်ရဖို့သေချာနေပြီဖြစ်သလို ချန်ပီယံလိဂ်ဝင်ခွင့်လည်းမရနိုင်တော့တာကြောင့် အားစိုက်ကစားမှုလျော့နည်းနေပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် ဂရုတစိုက်ကစားလာဖို့ရှိနေပါတယ်။ အင်တာ သရေလောက်ပဲရမယ်။

### ပက်စ်ကာရာ - ပါလာမို နံနက် ၁း၁၅ (၂၃-၅-၁၇)

နှစ်သင်းစလုံးတန်းဆင်းရဖို့သေချာနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ထိန်းကစားလာကြဖို့ရှိပါတယ်။ ဒါပေမယ့် ပက်စ်ကာရာက အိမ်ကွင်းဖြစ်လို့ နိုင်ပွဲရအောင်တော့အားစိုက်လာမှာဖြစ်ပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ပါလာမိုကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေကာ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းနဲ့တိုက်စစ်ကစားပုံက ပိုမိုအားနည်းတတ်တာကြောင့် ဒီပွဲမှာ ပက်စ်ကာရာတို့ အခွင့်အရေးရနိုင်သလို အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့လည်း ရှိနေပါတယ်။

# မြန်မာနိုင်ငံမှ ကမ္ဘာကျော် ရထားလမ်းနှစ်သွယ်

ကောင်းစည်သူ

သံလမ်း အရှည် ၁၆၁ မိုင်ရှိသည့် ရန်ကုန်-ပြည် မီးရထားလမ်းကို ၁၈၇၆ ခုနှစ်တွင် ဖောက်လုပ်ကာ ၁၈၇၇ ခုနှစ် မေလ ၁ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး မီးရထားကို ပြေးဆွဲခဲ့ပြီး နောက်ပိုင်း မြန်မာနိုင်ငံအတွင်း မီးရထားလမ်းများကို ဖောက်လုပ်၍ ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်နေသည်မှာ ယနေ့တိုင်ဖြစ်ပေသည်။

မြန်မာနိုင်ငံရှိ ရထားလမ်းများအနက် လွတ်လပ်ရေးမရမီက ဗြိတိသျှတို့ဖောက်လုပ်ခဲ့သည့် ဂုတ်ထိပ်ရထားလမ်းနှင့် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ ဖောက်လုပ်ခဲ့သည့် သေမင်းတမန်ရထားလမ်းတို့သည် ကမ္ဘာကျော် မီးရထားလမ်းများအဖြစ် ထင်ရှားခဲ့သည်။ ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊နောင်ချိုမြို့နယ်တွင်တည်ရှိ၍ သေမင်းတမန် ရထားလမ်းသည် မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်တွင် တည်ရှိသည်။

**ဂုတ်ထိပ်သို့**

နောင်ချိုမြို့နယ်အတွင်းရှိ တောင်ကြားနှစ်ခုအကြား ပေ ၃၀၀ ကျော်အမြင့်တွင် ၁၈၉၉ ခုနှစ်က တည်ဆောက်ခဲ့သည့် ဂုတ်ထိပ်တံတားနှင့် မီးရထားလမ်း (Goteik viaduct) သည် ကမ္ဘာပေါ်ရှိ တောင်ကြားဖြတ် မီးရထားလမ်းများအနက် အရှည်လျားဆုံးနှင့် ဒုတိယအမြင့်ဆုံးဖြစ်သည်။

မန္တလေး-လားရှိုး မီးရထားလမ်းပေါ်ရှိ နောင်ချို ဘူတာနှင့် နောင်ပိန်ဘူတာအကြား၊ နောင်ချိုဘူတာမှ ခုနစ်မိုင် အလွန်၊ မိုင်တိုင်အမှတ် (၄၆၃/၀၉) တွင် တည်ရှိသည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတားသို့ မီးရထားဖြင့်သွားနိုင်သကဲ့သို့ နောင်ချိုမြို့မှတစ်ဆင့် မော်တော်ကားဖြင့်လည်းသွားရောက်နိုင်သည်။

လွန်ခဲ့သော နှစ်မှစ၍ တံတားကြီးရေရှည်ကြံ့ခိုင်မှုရှိစေရန်နှင့် ခရီးသွားများ အသက်အန္တရာယ်မဖြစ်ပွားစေရန် တံတားပေါ်မှ လမ်းလျှောက်ဖြတ်သန်းခွင့်ကို ပိတ်ပင်ခဲ့သဖြင့် ဂုတ်ထိပ်သို့မီးရထားဖြင့် လာကြသူများသည် မန္တလေး-လားရှိုး ရထားကိုစီး၍ တံတားပေါ်မှ အသွားအပြန် ဖြတ်သန်းလေ့ရှိကြသည်။ ကားဖြင့်လာကြသူများသည် နောင်ချိုမြို့မှ ရှစ်မိုင်ကွာဝေးသည့် ဂုတ်ထိပ်ဘူတာသို့လာကြပြီး မီးရထားလမ်းတစ်လျှောက် ဂုတ်ထိပ်တံတားအထိ လမ်းလျှောက်သွားကြသည်။

**မြင်းခုံတံတား**

အင်္ဂလိပ်ဝေါဟာရ trestle အား မြန်မာဝေါဟာရဖလှယ်၍ ဂုတ်ထိပ်တံတားကို မြင်းခုံတံတားဟုလည်း ခေါ်ဆိုသည်။

မန္တလေးမြို့မှ အရှေ့မြောက်ဘက်သို့ မိုင် ၆၀ ကွာဝေးသည့် ဟိုကွတ်ကျေးရွာသည် သီပေါမြို့နယ်အတွင်း တည်ရှိပြီး ၁၈၉၈ ခုနှစ်တွင် ရွာ ၄၈ ရွာကို အုပ်ချုပ်ရသော တိုက်နယ်ဖြစ်ခဲ့သည်။ နမ်းပဆေးမြစ်သည် ဟိုကွတ်ရွာအနီးတွင် ကျောက်လိုဏ်သုံးခုအတွင်းသို့ ဖြတ်သန်းကာ မြေကြီးထဲသို့ ငုပ်လျှိုးသွားပြီး အခြားတစ်နေရာတွင် ပြန်ပေါ်လာသဖြင့် နမ်းပဆေးမြစ် ငုပ်သွားသည့် ထိပ်နေရာအဖြစ် ငုပ်ထိပ်ကျေးရွာဟု ခေါ်ဆိုခဲ့ပြီး ကာလရွေ့လျောလာချိန်တွင် ငုပ်ထိပ်မှ ဂုတ်ထိပ်ဖြစ်လာခဲ့သည်။

ဗြိတိသျှအစိုးရသည် ၁၈၉၇ ခုနှစ်တွင် နမ္မတူ-ဘော်တွင်းမှ သတ္တုများကို သယ်ယူရန် မန္တလေးမှ ကွမ်းလုံသို့ မီးရထားလမ်းဖောက်လုပ်ရာမှ ကမ္ဘာကျော်မီးရထားလမ်းကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ မီးရထားပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူနေသည့် ဗမာ့မီးရထားလမ်းကုမ္ပဏီ (Burma Railroad Company) အား ဗြိတိသျှအစိုးရက ဂုတ်ထိပ်တံတားတည်ဆောက်ရန် တာဝန်ပေးခဲ့သည်။ ဗမာ့မီးရထားကုမ္ပဏီသည် ရထားလမ်းပါဝင်သည့် တောင်ကြားဖြတ်တံတားကြီးကို တည်ဆောက်ရန် ၁၈၉၉ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ ပင်ဆီလ်ဗေးနီးယားနှင့် မေရီလန်းစတီးကုမ္ပဏီတို့အား ငှားရမ်းခဲ့ပြီး ဗမာ့မီးရထားလမ်းကုမ္ပဏီမှ အင်ဂျင်နီယာ Sir Arthur Rendel နှင့် ဗြိတိသျှမြန်မာအင်ဂျင်နီယာများက တံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့ကြသည်။



တံတားဒီဇိုင်းကို ဗြိတိန်နိုင်ငံမှ ဆာအေအမ်ရင်းဒဲလ်အင်ကုမ္ပဏီက ရေးဆွဲခဲ့သည်။ ပေ ၂၂၆၀ ရှည်လျားသည့် ဂုတ်ထိပ်တံတား၏ အမြင့်ဆုံးတိုင်သည် ပေ ၃၂၀ မြင့်၍ အနိမ့်ဆုံးတိုင်သည် ၄၅ ပေမြင့်ကာ တံတားအကျယ် ပေ ၁၂၀ ရှိသည်။ တံတား၏ အောက်ခြေသံတိုင်အချို့ကို အနိမ့်ဆုံး ချိုင့်ဝှမ်းမှ ပေ ၁၀၀၀ အမြင့်တွင် စိုက်ထူထားသည်။ တံတား၏ပျမ်းမျှအမြင့်သည် တံတားအောက်ရှိ လိုဏ်ဂူအတွင်း၌ စီးဆင်းနေသော မြစ်ရေပြင်မှ အထက်ပေ ၈၂၀ ဖြစ်ပြီး အမြင့်ဆုံး ထောက်တိုင်အပေါ်ရှိ မီးရထားသံလမ်းသည် တံတားအောက်မြေပြင်မှ ၃၃၅ ပေမြင့်သည်။

ဂုတ်ထိပ်တံတားတွင် တံတားတိုင်ပေါင်း ၁၆ တိုင်ရှိရာ အလယ်တိုင်များဖြစ်ကြသည့် တိုင်အမှတ် (၈) နှင့် (၉) တို့သည် အမြင့်ဆုံးဖြစ်ကာ တံတားတစ်ခုလုံးအတွက် သံနှင့် သံမဏိ ၄၃၁၁ တန်၊ သံမှိုပေါင်း တစ်သန်း အသုံးပြုခဲ့သည်။ တံတားဆောက်လုပ်မှုလုပ်ငန်းသည် ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ငွေကျပ် ၁၆၉၈၂၀၀ ကုန်ကျခဲ့သည်။

၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည့် ဂုတ်ထိပ်တံတားသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း မဟာမိတ်တို့၏ ဖျက်ဆီးခြင်းကို ခံခဲ့ရသဖြင့် တိုင်အမှတ် (၂) နှင့် (၅) တို့ ပျက်စီးခဲ့သည်။ မြန်မာနိုင်ငံမှ ဂျပန်တို့ ပြန်လည်ဆုတ်ခွာချိန်တွင် ဂုတ်ထိပ်တံတား၏ အလယ်တိုင်လေးတိုင်ကို ဗုံးခွဲဖျက်ဆီးခဲ့ပြန်သဖြင့် တိုင်အမှတ် (၁၁) သည် အောက်ခြေပြတ်ခဲ့ပြီး တိုင်အမှတ် (၁၀) နှင့် (၁၂) တို့ လဲကျပျက်စီးခဲ့ကြသည်။ ထိုတိုင်များပေါ်တွင် တပ်ဆင်ထားသော ပေ ၁၂၀ စီရှည်သည့် ပေါင်းကူးသံပေါင်လေးခုသည် မြေသို့ပြုတ်ကျခဲ့သည်။

မြန်မာနိုင်ငံမီးရထားဌာနက ပျက်စီးနေသော ဂုတ်ထိပ်တံတားကို ၁၉၄၈ ခုနှစ် မေလတွင် ပြင်ဆင်ခဲ့ရာ ပစ္စည်းများရှားပါးမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် သုံးနှစ်ကျော်ကြာမြင့်ခဲ့ပြီး ၁၉၅၁ ခုနှစ် ဩဂုတ်လတွင်ပြီးစီးခဲ့သည်။ ထိုအချိန်က ဂုတ်ထိပ်တံတား ပြင်ဆင်မှုအတွက် ငွေကျပ် ၃၂ သိန်း ကုန်ကျခဲ့သည်။

ကမ္ဘာပေါ်တွင် စတီးလ်၊ သံမဏိ၊ သံချောင်းများဖြင့် ထောက်ခံတည်ဆောက်ထားသော တောင်ကြားဖြတ်ရထားလမ်းတံတားများတွင် မြန်မာနိုင်ငံမှ ဂုတ်ထိပ်တံတားနှင့် ကနေဒါနိုင်ငံ အယ်ဘာတာမှ လက်သ် (Leth) တံတားတို့သည် အမြင့်ဆုံးဖြစ်ကြသည်။ လက်သ်တံတားက ဂုတ်ထိပ်တံတားထက် အလျားနှစ်ဆ ပိုရှည်သဖြင့် အရှည်ဆုံးမီးရထားလမ်းဖြစ်ခဲ့ပြီး ဂုတ်ထိပ်တံတားက အမြင့်ဆုံးနှင့် ဒုတိယအရှည်ဆုံးဖြစ်ခဲ့သည်။

ဂုတ်ထိပ်တံတားသည် သာယာလှပသော ရှမ်းပြည်နယ်မြောက်ပိုင်း အလှနှင့် ပေါင်းစပ်ကာ ကမ္ဘာကျော်တံတားတစ်စင်းအဖြစ် ကာလကြာရှည်စွာကပင် ရပ်တည်နေခဲ့သည်။ ဂုတ်ထိပ်တံတား၏ ပျက်စီးယိုယွင်းမှုများကို ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းလာခဲ့ခြင်းကြောင့် Goteick viaduct သည် ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ဝင်စားစွာ သွားရောက်လေ့လာကြရသည့် နေရာတစ်ခုအဖြစ် ထင်ရှားစွာ တည်ရှိနေသည်။ ယခုအခါတွင်သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးသည် သမိုင်းဝင် ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ် ရပ်တည်နေပေသည်။

**သေမင်းတမန်ရထားလမ်း**

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှ ထိုင်းနိုင်ငံ ဘန်ပေါင် (Ban Pong) မြို့သို့ဖောက်လုပ်ခဲ့သည့် ရထားလမ်းသည် အသက်ပေါင်းများစွာ စတေးခဲ့ရသဖြင့် သေမင်းတမန် ရထားလမ်းဟု ထင်ရှားခဲ့သည်။

ယင်းရထားလမ်းကို ၁၉၄၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖောက်လုပ်ခဲ့ကာ ၁၉၄၃ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ရထားလမ်းသည် အရှည်စုစုပေါင်းမိုင် ၂၅၀ ကျော်ရှိကာ မြန်မာနိုင်ငံဘက်အခြမ်းတွင် မိုင် ၇၀ ရှိသည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာခဲ့သည့် ၁၉၄၀-၄၁ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် မီးရထားသံလမ်းမိုင် စုစုပေါင်း ၂၈၅၂ မိုင်ရှိသည့်အနက် ဂျပန်တို့သည် သံလမ်းမိုင် ၁၅၀ ကို ရန်ကုန်နှင့် တောင်ငူအကြားမှလည်းကောင်း၊ သံလမ်းမိုင် ၁၅၀ ကို မြင်းခြံနှင့် အခြားလမ်းပိုင်းများမှလည်းကောင်း ဖြုတ်ယူ၍ မြန်မာ-ယိုးဒယားမီးရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုခဲ့သည်။

ရထားလမ်းဖောက်လုပ်ခဲ့စဉ် မြန်မာတိုင်းရင်းသား ၈၀၀၀၀ ကျော်နှင့် မဟာမိတ်တပ်သား ၁၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြသည်။ ယင်းရထားလမ်းကို မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှစတင်လျက် ဘုရားသုံးဆူတောင်ကြားကိုဖြတ်ကာ ထိုင်းနိုင်ငံဘန်ပေါင်မြို့ရှိ ဘန်ကောက် - စင်ကာပူ မီးရထားလမ်းနှင့် ဆက်သွယ်ရန် ဖောက်လုပ်ခဲ့ရာ အစာအာဟာရမလုံလောက်မှု၊ ရာသီဥတု ကြမ်းတမ်းမှု၊ ဖက်ဆစ်တို့၏ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။

**ကမ္ဘာကျော် ချွေးတပ်**

ဂျပန်တို့သည် ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအတွက် အတွင်းဝန် ဦးဘစော ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေး အလုပ်သမားစုဆောင်း စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့သည် သံဖြူဇရပ် အနီးဝန်းကျင်ဒေသများမှ အလုပ်သမားများကို ခေါ်ယူငှားရမ်းခဲ့သော်လည်း လုံလောက်သော ဦးရေမရရှိခဲ့သဖြင့် ၁၉၄၂ ခု ဒီဇင်ဘာလတွင် ယာယီ မြန်မာအစိုးရအုပ်ချုပ်ရေးရုံးသို့ အကူအညီတောင်းခံခဲ့သည်။ အစိုးရပြန်ကြားရေးဝန်ရုံးက ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်တွင် ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရန် အလုပ်သမားတပ်ကြီး ထူထောင်မည်ဖြစ်ကြောင်းနှင့် အလုပ်သမားအင်အား ၂၀၀၀၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ကြေညာချက်တွင် အလုပ်သမားများရရှိမည့် လစာ၊ နေအိမ်၊ ဆေးဝါး စသည့် အခွင့်အရေးများကို ဖော်ပြထားပြီး အလုပ်သမားတပ်သို့ ဝင်ရောက်ကြရန် နှိုးဆော်ခဲ့သည်။

အလုပ်သမားများကို တောင်ငူ၊ အင်းစိန်၊ ဟင်္သာတ၊ ပုသိမ်၊ ထားဝယ်၊ မြိတ်၊ မော်လမြိုင်၊ သထုံ၊ ပဲခူး ခရိုင်များမှစုဆောင်းခဲ့ရာ လျာထားချက်၏ တစ်ဝက်ကျော်မျှသာရရှိခဲ့ပြီး စုဆောင်းထားသူများအား သံဖြူဇရပ်သို့ ခေါ်ဆောင်လာရာတွင် လမ်းခရီး၌ အများအပြားထွက်ပြေးခဲ့ကြသည်။ ထို့ကြောင့် အမှတ် (၁၅) ဂျပန်တပ်မတော်သည် ယိုးဒယား-မြန်မာ ဆက်သွယ်ရေးမီးရထားလမ်း ဖောက်လုပ်နိုင်ရေးအတွက် လုပ်အားပေးအဖွဲ့များဖွဲ့စည်းရေးနှင့် ပို့ဆောင်ရေး အစီအစဉ်သစ်များကို ချမှတ်ခဲ့သည်။

စာမျက်နှာ ၁၈ သို့

## ကိုယ်ကျိုးမဖက် ဒေသဖွံ့ဖြိုးရေးကြိုးစားဆောင်ရွက်ပေးမည့်သူများကို မှန်ကန်စွာ ရွေးချယ်တင်မြှောက်ရန် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ပြောကြား

**ပဲခူး မေ ၁၇**

ပဲခူးမြို့ မြို့တော်ခန်းမ၌ မေ ၁၇ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့နယ်အသီးသီးရှိ စည်ပင်သာယာရေးကော်မတီ ရွေးချယ်ကြီးကြပ်ရေးအဖွဲ့များ တွေ့ဆုံပွဲကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ခေတ်အဆက်ဆက်တွင် ပုံသဏ္ဌာန်အမျိုးမျိုး၊ ဥပဒေအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုး ဖွဲ့စည်းပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြဋ္ဌာန်းကာ စည်ပင်သာယာကော်မတီများ ရွေးချယ်ပေးခဲ့ကြောင်း၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ စည်ပင်သာယာဥပဒေသစ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်သည့်အတွက် ပြည်သူလူထုကိုယ်တိုင် မိမိဒေသဖွံ့ဖြိုးရေးကို ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံဆောင်ရွက်ပေးမည့်သူများကို တရားမျှတစွာရွေးချယ်ပေးကြရန် ပြောကြားသည်။

ထို့နောက် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်က စည်ပင်သာယာဥပဒေပေါ် ပေါက်လာပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက စည်ပင်သာယာရေးကော်မတီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍တင်ပြဆွေးနွေးရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဦးမောင်မောင်လွင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာကော်မတီ ရွေးချယ်ကြီးကြပ်ရေးဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများတက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ပြောကြား

**စစ်တွေ မတ် ၁၇**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr.Nicholas Coppel ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုကို မေ ၁၆ ရက် မွန်းလွဲ ၃ နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ဩစတြေးလျသံအမတ်ကြီးက ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍများတွင် ကူညီဆောင်ရွက်မှုများပေးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီးလည်း ရခိုင်ပြည်နယ်ပညာရေးအတွက် ကူညီပေးလျက်ရှိပါကြောင်း၊ ယခုလိုရခိုင်ပြည်နယ်အတွက် မိမိတို့နိုင်ငံမှ ကူညီဆောင်ရွက်ပေးခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်းပြောကြားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုက မိမိတို့နိုင်ငံနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးသည့်အတွက် ဩစတြေးလျနိုင်ငံအစိုးရနှင့် သံအမတ်ကြီးအားကျေးဇူးတင်ပါကြောင်း၊ ရခိုင်ပြည်နယ် အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ မိမိတို့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေချိန်တွင် တတ်နိုင်သည့်ဘက်က ကူညီပေးခြင်းကို ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဩစတြေးလျသံအမတ်ကြီး H.E. Mr.Nicholas Coppel နှင့်အတူ ဩစတေးလျနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Paul Bruce နှင့် ပထမအတွင်းဝန် Ms Esther Perry တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## သူနာပြုနှင့်သားဖွားသင်တန်းနှင့် သားဖွားသင်တန်း ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**လွိုင်ကော် မေ ၁၇**

လွိုင်ကော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အပတ်စဉ်(၂၄) သူနာပြုနှင့်သားဖွား ဒီပလိုမာသုံးနှစ် သင်တန်းနှင့် အပတ်စဉ် (၅) သားဖွားဒီပလိုမာ နှစ်နှစ်သင်တန်း သင်တန်းသား၊ သင်တန်းသူများ၏ ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။



ဆက်လက်၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီး ဒေါ်နီနီဝင်းက အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်း အပ်နှင်းသည်။

ဆက်လက်ပြီး သင်တန်းနှစ်အလိုက် သူနာပြုနှင့် သားဖွားသင်တန်းသား၊ သင်တန်းသူများအနက် ထူးချွန်ဆုရရှိသူများနှင့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ The Best Clever ဆုတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ မြိတ်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မေ ၁၅ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က တနင်္သာရီမြို့သို့ရောက်ရှိ၍ တနင်္သာရီမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှုရိုးရာ တစ်ခုဖြစ်သည့် ရွှေနန်းသာရီ နဂါးလှေတော်နှင့်နဂါးလှေရုံတို့အား ကြည့်ရှုပြီး ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာရပ် ကမ်းနားလမ်း မြစ်ကမ်းပါးတစ်လျှောက်၌ ရေထိန်းနံရံတည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တနင်္သာရီမြို့အဝင် မျက်နှာစာ၌ ထူးတက်ရှိန် ကုမ္ပဏီမှ သိန်း ၁၅၀ ဖြင့် လှူဒါန်းဆောက်လုပ်နေသည့် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သိန်ခွန်းကျေးရွာအုပ်စု သိန်ခွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းအတွင်း မြိတ်အများပိုင်ကုမ္ပဏီကော်ပိုရေးရှင်းမှ ထုံခါကျေးရွာ-သဲဖြူ-မောတောင်လမ်းအပိုင်း AC ကတ္တရာခင်းနေမှုပြီးစီးမှုနှင့်ဆောင်ရွက်နေမှုများကို မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးလှသန်းနှင့် စီမံကိန်းဒါရိုက်တာ ဦးသန်းလွင်တို့က Power Point ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့အား မှာကြားခဲ့ကြောင်းသိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

## ကလေးအခြေပြုဝန်ဆောင်မှုစာကြည့်တိုက်များဖွံ့ဖြိုးရေး ပြည်မြို့၌စည်းဝေး

**ပြည် မေ ၁၇**

ဂျပန်နိုင်ငံ (SVA) ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးတွဲကျင်းပသော ကလေးအခြေပြုဝန်ဆောင်မှု စာကြည့်တိုက်လုပ်ငန်းဆိုင်ရာ စုံညီအစည်းအဝေးကို ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ (Prome Garden Resort) ၌ မေ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးကျော်ဆင့်နှင့် ပြည်နှင့် သာယာဝတီခရိုင်တို့မှ ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးများနှင့် စာကြည့်တိုက်တာဝန်ခံဝန်ထမ်းများ၊ (SVA)အဖွဲ့မှ တာဝန်ခံ Aki Nakahara နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူး ဦးကျော်ဆင့်က စာကြည့်တိုက်လုပ်ငန်းသည် မိမိတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အဓိကတာဝန်ယူဆောင်ရွက်နေသောလုပ်ငန်းဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေနှင့် တစ်နိုင်ငံလုံးတွင် ကလေးစာဖတ်ခန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒေါ်မူမူတင်နှင့် သာယာဝတီခရိုင် ဦးစီးမှူးဒေါ်ကြင်ကြင်သန်းတို့က မိမိတို့ ခရိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကလေးအခြေပြုဝန်ဆောင်မှုစာကြည့်တိုက်လုပ်ငန်းဆိုင်ရာလုပ်ငန်းစဉ်များကို လည်းကောင်း၊ ပြည်ခရိုင် ခြောက်မြို့နယ်နှင့် သာယာဝတီခရိုင် ရှစ်မြို့နယ်တို့မှ မြို့နယ်ပြန်/ဆက် ဦးစီးမှူးများနှင့် စာကြည့်တိုက်မှူးများက ဒေသအလိုက်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးနှင့် (SVA) အဖွဲ့မှ တာဝန်ခံနှင့် ဝန်ထမ်းများက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



&efukkt a&Sdfc½kHr*vmawmifneffYU, fueft a&Syfuufa&Tnmifjifl&yfuif; bkefawmfuD;umif; t yfc;kyfa&;rSL;0D;ifZmfuDuyf "r®ul;oifvefukt ywf0f we*aEaeWH;fwpfESpfwfv;k0bifum;vufuSmifo&dSonf owif;ESifhwfyk118

## ကျောက်တန်းမြို့သို့ ရေပေးဝေနေသော ဆင်ကန်ကြီးအား စုပေါင်းသန့်ရှင်း

**ကျောက်တန်း မေ ၁၇**

ကျောက်တန်းမြို့နေပြည်သူများသို့ ရေပေးဝေနေသော ကျောက်တန်းမြို့ဆင်ကန်ရပ်ကွက်ရှိဆင်ကန်ကြီးအား မြို့နေပြည်သူများ သန့်ရှင်းစွာ သောက်သုံးနိုင်ရန်အတွက် မေ ၁၄ ရက် နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်တန်းမြို့ အသောကာရာမပရိယတ္တိစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တဝိသာလ (ဂန္ထဝါစကပဏ္ဍိတ)၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူး၊ မြို့နယ်စည်ပင်သာယာဦးစီးမှူး ဦးကိုကိုနိုင်တို့၏ ဦးဆောင်မှုဖြင့် ဆင်ကန်ကြီးအတွင်းရှိ အမှိုက်များ၊ ဒိုက်ပင်များကို ဆင်ကန်တောင်လူမှုကူညီရေးအဖွဲ့နှင့် MITT လုပ်သား ၁၀၀ ခန့်က လုပ်အားဒါနပြုခဲ့ပြီး အလှူရှင်များမှလည်း အစားအသောက်အာဟာရများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **မဇဇ**

ကြေးမုံ



# Facebook မှသုတရသည်

ဦးဟန်ညွန့်(ဥပဒေ)

**ကြိုက်သည်**

Facebook ကို ကျွန်တော်ကြိုက်သည်။ ကျွမ်းကျင်မှုကတော့မရှိ။ ဟိုနှိပ်၊ ဒီနှိပ်နှင့်။ ဒီလိုနှင့်ပဲ စွဲသွားသည်။ တဖြည်းဖြည်းတော့ နားလည်လာသည်။ ကျွန်တော့်သားထံမှ ပြန်သင်ယူရသည်။ ယနေ့လူငယ်တွေကတော့ Facebook အတော်သုံးတတ်ကြသည်။ အားကျစရာ။ ဥပဒေရေးရာများအကြောင်း Facebook တွင် အတော်များများပါသည်။ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်များ များသည်။ သုတ၊ ရသစုံသည်။ Notary Public အကြောင်း သိကောင်းစရာအတွက် ဥပဒေပညာရှင် ဆရာကြီး ဦးကျော်အေး (Kyaw Aye) က မည်သည့်အာဏာဖြင့် ခန့်သလဲဟုမေးသည်။ "ကျွန်တော် မသိလို့မေးတာပါ" ဟုလည်း ဆရာကြီးက ရေးထားသေးသည်။ လူငယ်ရှေ့နေများက အထူးစိတ်ဝင်စားကြသည်။ ဥပဒေပညာရှင် ဆရာကြီး ဦးမြသိန်း (U Mya Thein) ကလည်း Notary Public အကြောင်း သူ့အဖြစ်ကို ရေးပြဆွေးနွေးသည်။ မြန်မာ့ရုပ်မြင်သံကြားမှာ ဥပဒေရေးရာ ဆွေးနွေးခန်းတင်ဆက်နေသူလည်း ဖြစ်ပေသည်။ အတွေ့အကြုံများသော ဆရာကြီး (ဥပဒေပညာရှင်ကြီး) များ၏ ကျေးဇူးကြောင့် Facebook ရေးသားချက်များမှ အသက်ဝင်လာသည်။ မကြည့်ရမနေနိုင်အောင်၊ မဖတ်ရမနေနိုင်အောင် ဆွဲဆောင်လာသည်။ ဥပဒေအသိများတိုးပွားသည်။

**ဗမာနဲ့ မြန်မာ**

ရေပန်းစားခဲ့သော အခြားအစီအစဉ်တစ်ခုမှာ "ဗမာနဲ့ မြန်မာ"အကြောင်းပါ။ ဆရာကြီးဦးကျော်အေး စတင်ဆွေးနွေးခဲ့သော Facebook အစီအစဉ်ပါ။ ကြည်ရွှန်း (Kyi Shun)က ဆရာကြီးမောင်သာနိုး၏ "ဗမာနဲ့မြန်မာ" ဆောင်းပါးကို ရှာဖွေတင်ပေးခဲ့သည်။ ထို့ကြောင့် အစီအစဉ်က ပို၍ ပို၍ မြိုင်သွားသည်။ Burma လား။ Myanmar လား။ သမိုင်းနောက်ခံအကိုးအကားတွေပါ လေ့လာရတော့သည်။ သိစရာ၊ မှတ်စရာတွေ တစ်ပုံတစ်ပင်။ စူးစမ်းချင်သော လူငယ်တစ်စုလည်းအချိန်ကုန်မှန်းမသိ။ ဗဟုသုတမျှဝေကြ၏။ တန်ဖိုးရှိလှပါ၏။

ဆရာကြီး မောင်သာနိုး၏ ဗမာနှင့်မြန်မာ ဆောင်းပါးကိုဖတ်ပြီး ထင်မြင်ချက်တချို့ကို ဆရာကြီး ဦးကျော်အေးက ထပ်မံတင်ပြပြန်သည်။ Burma နှင့် Myanmar အကြောင်းဖြစ်ပါသည်။ မှတ်သားစရာများ အတော်ပါသည်။ သုတေသနသဘောပြောသည်။ ကျယ်ကျယ်ပြန့်ပြန့်စာတစ်စောင်ပေတစ်ဖွဲ့ရေးလျှင် ပို၍ကောင်းမည်ထင်သည်။ ပြောစရာတွေကျန်ဦးမည်လား။

ဆရာကြီးဦးမြသိန်းကလည်း မြန်မာအသုံးအနှုန်းနှင့် စပ်လျဉ်းသော ရှေးကျသည့်စာအုပ်များကို ဓာတ်ပုံရိုက်၍ တင်ပြပြန်သည်။ ရှားပါးလွန်း၍ ယနေ့လူငယ်များ မတွေ့မမြင်ဖူးသည့် စာအုပ်များဖြစ်သည်။ Facebook ကျေးဇူးကြောင့်သာ သိရ မြင်ရ တွေ့ရသည်။ ဤအကြောင်းများကို ဆရာကြီးတို့အတွေ့အကြုံများကို (အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာဖြင့်ဖြစ်စေ) ဆောင်းပါးများရေးပေးဖို့ ကျွန်တော်လည်း Facebook မှ တစ်ဆင့် တင်ပြမေတ္တာရပ်ခံခဲ့သည်။

"ဥပဒေပြဋ္ဌာန်းချက်တွေ မဖောက်ဖျက်သမျှ ဘာတာဝန်မှ မရှိ။ ဘာအပြစ်မှမရှိ။ ဥပဒေအားနည်းချက်တွေကိုလည်း ဥပဒေပညာရှင်တွေက ထောက်ပြအကြံပြုနေကြပြီ။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း ပြင်ဖို့စဉ်းစားနေကြပြီ။ စိတ်ပူစရာမရှိ။"

Facebook မိတ်ဆွေများဖြစ်ကြသော ဆရာကြီးဦးမြသိန်း၊ ကြည်ရွှန်း၊ သန်းမောင်(စစ်တွေ)၊ စိုးအောင်၊ ကျော်ကျော်အောင်၊ ခင်နုသာ၊ ထိန်လင်းဦး စသည့်အများအပြားက(ပရိသတ်များက)အမြင်များပေးကြ၊ အပြန်အလှန်ဖလှယ်ကြသည်မှာ ကျေနပ်ဖွယ်ရာကောင်းလှသည်။ ဥပဒေဗဟုသုတ၊ စာပေဗဟုသုတ တိုးပွားရေး စေတနာနှင့် လက်ဆင့်ကမ်းဝေငှခြင်းအတွက် လေးစားကျေးဇူးတင်ရသည်။ နောင်အစီအစဉ်တွေ စောင့်ဖတ်ရဦးမည်။

**ဆဲစာ၊ ညစ်ညမ်းစာ**

Facebook ၏ အရသာထဲတွင် ဆဲစာ၊ ညစ်ညမ်းစာများကတော့ အများအသိပဲဖြစ်သည်။ ဘယ်သူကမှ လက်မခံ။ (အတူတူနှင့် အနူနူသမားတွေကတော့) သူတော်ချင်းချင်း သတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့ကြမည်ထင်သည်။ ညစ်ပတ်နည်းမျိုးစုံ၊ မကြားဝံ့၊ မနာသာအဆဲမျိုးစုံဖြင့် ပုဂ္ဂိုလ်ရေးဝေဖန်တိုက်ခိုက်မှုများမှာ မြန်မာ့ယဉ်ကျေးမှုနှင့်လည်း မညီ၊ မသတီစရာလည်းဖြစ်၊ Facebook ၏အကျိုးကျေးဇူးကိုလည်း မသုံးတတ်ရာရောက်မည် သေချာသည်။ အကောင်းရှိသလို အဆိုးရှိမှာ သဘာဝပါ။

လူငယ်တွေကို "အဆိုး"ပေးမည်လား။ "အကောင်း" ပေးမည်လား။ ဘဝမှာ သိစရာ၊ တတ်စရာ၊ လေ့လာစရာတွေ များလှပေသည်။ လက်ဆင့်ကမ်းစရာတွေများလှပေသည်။ ကောင်းသောအမွေပေးမည်လား။ ဆိုးသောအမွေပေးမည်လား။ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ယနေ့လူငယ်တွေ ပါးနပ်ပါသည်။

**အိုင်စီတီ (ICT) နည်းပညာ**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း နိုင်ငံများနှင့် အိုင်စီတီနည်းပညာကျွမ်းကျင်မှုယှဉ်နေကြောင်း၊ ကမ္ဘာ့အဆင့်အတန်းတက်လှမ်းဖို့ မျှော်မှန်းထားကြောင်း ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက ပြောသည်။

အိုင်စီတီနည်းပညာဖွံ့ဖြိုးဖို့ အခြေခံပညာကျောင်းတွေမှ ကွန်ပျူတာနည်းပညာများကို အဆင့်မြှင့်တင်သင်ကြားပေးနေကြောင်းလည်း သိရသည်။ ICT Education , ICT for Education , ICT an Education ဟု သုံးနေရာရှိကြောင်း၊ ထိပ်တန်းမရောက်သေးကြောင်း၊ ကမ္ဘာ့အဆင့်အထိတက်လှမ်းဖို့ မျှော်မှန်းထားကြောင်း ဒေါက်တာခိုင်မြဲက ဆက်ပြောသည်။

(7 DAY NEWS 5-4-2017.P.18 )

**ဦးအောင်လှထွန်း**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် ကျွန်တော်တို့ ပြည်ပခရီးစဉ်တစ်ခု အတူသွားခဲ့ဖူးသည်။ ထိုစဉ်က ကျွန်တော် Facebook မသုံးတတ်။ ပြည်ပမှာ Facebook မသုံးတတ်လျှင် ခေတ်မမီ။ ခေတ်မီဖို့လိုပြီ။ ထို့ကြောင့် "သုံးတတ်အောင်သင်ပါ" ဟုရင်းနှီးစွာ ဦးအောင်လှထွန်းက မှာသည်။ ယခုတော့ ကျွန်တော်လည်း ခေတ်မီလာပါပြီ။ အတွင်းရေးမှူး ဦးကျော်စွာမင်းနှင့် ကောင်စီဝင် ဦးဇေယျတို့၏ ကျေးဇူးကြောင့်လည်း Facebook သုံးတတ်ပါပြီ။ သတင်းပို့၊ မှတ်ချက်ရေး၊ ဓာတ်ပုံတင်၊ ဆွေးနွေးခန်းတွေ ဝင်တတ်နေပါပြီ။ ဆဲစာတွေနှင့်ကြုံလျှင်တော့ စိတ်ပျက်မိသေးသည်။ ဘယ်လိုဆင်ခြင်ရပါ့။ ဆင်ခြင်စရာ၊ ပြင်ဆင်စရာတွေ သတိထားရမည်။

**ဥပဒေများ**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆/(ဃ)နှင့် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ အကြောင်းတွေလည်း ဖတ်ဖူး၊ ကြားဖူး၊ သိဖူးနေပြီပဲ။ သတိထားစရာတွေတော့ရှိသည်။

ဥပဒေပြဋ္ဌာန်းချက်တွေ မဖောက်ဖျက်သမျှ ဘာတာဝန်မှမရှိ။ ဘာအပြစ်မှမရှိ။ ဥပဒေအားနည်းချက်တွေကိုလည်း ဥပဒေပညာရှင်တွေကထောက်ပြအကြံပြုနေကြပြီ။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်းပြင်ဖို့ စဉ်းစားနေကြပြီ။ စိတ်ပူစရာမရှိ။ ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေလည်းပြဋ္ဌာန်းပြီးသား။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းရေးအတွက် ကွန်ပျူတာပညာဖြင့် အထောက်အကူပြုဖို့သည် ဥပဒေ၏ အဓိကရည်ရွယ်ချက်ဖြစ်သည်။ ဝိုင်းကူညီကြစို့။ ဘာလိုသေးသလဲ။

**စေတနာ**

(၁) Facebook ကပေးသောသုတတွေ များလှပေသည်။

(၂) အကောင်းနှင့်အဆိုးကတော့ ဒွန်တွဲလျက်ပါ။

(၃) ဘယ်ဟာကအကောင်း၊ ဘယ်ဟာက အဆိုးဆိုတာ လူတိုင်းသိပြီးသား မဟုတ်ပါလားခင်ဗျာ။

(၄) လူတိုင်းဟုဆိုရာမှာ လူကြီးတွေထက် လူငယ်တွေက ပို၍၊ ပို၍ သိပါသည်။

(၅) Facebook မှ သုတရကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံမှ ကမ္ဘာကျော် ရထားလမ်းနှစ်သွယ်

စာမျက်နှာ ၁၅ မှ

၁၉၄၃ ခုနှစ် မတ်လ ၉ ရက်တွင် ဂျပန်စစ်အုပ်ချုပ်ရေးဌာန၏ ညွှန်ကြားချက်ဖြင့် ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရေးအတွက် လိုအပ်မည့် မြန်မာအလုပ်သမား ၃၀၀၀၀ ကျော်ကို ထပ်မံစုဆောင်းခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်သည် သွေးတပ် (Blood Army) ဖြစ်သဖြင့် မီးရထားလမ်း အလုပ်သမားတပ်ကြီးကို ချွေးတပ် (Sweat Army) ဟု အမည်ပေးခဲ့ပြီး နောက်ပိုင်းတွင် ဗမာ့လက်ရုံးတပ်မတော်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။

ချွေးတပ်သားများစုဆောင်းရန် ပထမအကြိမ်တွင် ခရိုင်ကိုးခုသတ်မှတ်၍ ဒုတိယအကြိမ်တွင် ကျောက်ဆည်၊ မအူပင်၊ မင်းဘူး၊ ပခုက္ကူ၊ သရက် ငါးခရိုင်ကို ထပ်မံတိုးချဲ့ခဲ့သည်။ မြန်မာနိုင်ငံဒေသအသီးသီးမှ ကျန်းမာသန်စွမ်းသော အမျိုးသားများကို မရရသည့်နည်းဖြင့် စုဆောင်းခဲ့သဖြင့် ချွေးတပ်ဆွဲသည်ဟု ထင်ရှားခဲ့ပြီး မီးရထားလမ်းဖောက်လုပ်ရေး ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများစွာသည် အသက်သွေးချွေးများ ဆုံးရှုံးခဲ့ရသည်။

သေမင်းတမန် မီးရထားလမ်းဖောက်လုပ်ရာတွင် မဟာမိတ်စစ်သုံ့ပန်း ၆၁၀၀၀ အလုပ်လုပ်ခဲ့ကာ ၁၂၃၉၉ ဦး သေဆုံးခဲ့သည်။ မီးရထားလမ်းဖောက်လုပ်ခဲ့ရသည့် မြန်မာတိုင်းရင်းသားများအပါအဝင် အာရှတိုင်းရင်းသား ၂၇၀၀၀၀ အနက် ၉၀၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ထိုင်း-မြန်မာမီးရထားလမ်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်းတွင် ဖော်ပြထားသည်။ ရထားလမ်းအရှည် မိုင် ၂၆၀ ခန့်ရှိရာ တစ်မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သား ချွေးတပ်အလုပ်သမား ၃၄၆ ဦး သေဆုံးခဲ့ရကြောင်း ကိုယ်တွေ့ ချွေးတပ်မှတ်တမ်းစာအုပ်ကို ပြုစုခဲ့သူ စာရေးဆရာလင်းယုန်သစ်လွင်က မှတ်တမ်းတင်ခဲ့သည်။

စစ်၏ အနိဋ္ဌာရုံ တစ်ရပ်ဖြစ်ခဲ့သည့် သေမင်းတမန်ရထားလမ်း အမှတ်တရပြတိုက်ကို ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ပြတိုက်အသစ်ကို ထပ်မံဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် ချွေးတပ်သားများနှင့် မဟာမိတ်စစ်သားများ၏ အသုံးအဆောင်များ၊ အဝတ်အစားများနှင့် ရှားပါးမှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ သေမင်းတမန် ရထားလမ်းတွင် ပထမဆုံးပြေးဆွဲခဲ့သည့် မီးရထားစက်ခေါင်းကိုလည်း မြင်တွေ့ကြရသည်။ သေမင်းတမန်ရထားလမ်း စတင်ခဲ့သည့်နေရာတွင် အထိမ်းအမှတ်ကျောက်စာတိုင်ကို စိုက်ထူထားသည်။

စာရေးဆရာကြီး မောင်ထင်၏ ငဘ ဝတ္ထုကြောင့် မြန်မာကျော်ခဲ့ပြီး A Bridge on the River Kwei ရုပ်ရှင်ကြောင့် ကမ္ဘာကျော်ခဲ့သည့် သေမင်းတမန်ရထားလမ်းသည် သမိုင်းတွင် မေ့ပျောက်မရနိုင်သည့် မှတ်တမ်းတစ်ခုဖြစ်သဖြင့် ကမ္ဘာတစ်လွှားမှ ခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည့် ကမ္ဘာကျော်မီးရထားလမ်းတစ်ခု ဖြစ်လာခဲ့ပေသည်။

ဂုတ်ထိပ်တံတားရထားလမ်းနှင့် သေမင်းတမန်ရထားလမ်းတို့သည် မြန်မာ့သမိုင်းဝင် အထိမ်းအမှတ်များဖြစ်ကြပေရာ ရထားလမ်းများ ရေရှည်တည်တံ့လျက် ကမ္ဘာကျော်ရထားလမ်းနှစ်သွယ် ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်သာ ဖြစ်ပါပေသည်။




***ကိုးကား***

***မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)၊ (၁၃)***

***ထိုင်း–မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း (လင်းယုန်သစ်လွင်)***

*Gokteik Viaduct*

❑

# ချစ်သူသစ်ရသွားပြီလို့ သတင်းတွေထွက်နေတဲ့ တေလာဆွစ် လေးလအတွင်းပထမဆုံးအကြိမ်ဓာတ်ပုံအရိုက်ခံ

ယခုနှစ်အတွင်း တေးဂီတလှုပ်ရှားမှုတွေသာမက လူမှုကွန်ရက်မီဒီယာပေါ်မှာပါ သက်ဝင်လှုပ်ရှားမှုအတော်နည်းနေတဲ့ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ ဟောလိဝုဒ်မီဒီယာတွေရဲ့ စာမျက်နှာတော်တော်များများကို စိုးမိုးထားနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလိုမီဒီယာစာမျက်နှာပေါ်မှာ ဖော်ပြခြင်းခံနေရတဲ့ အကြောင်းအရင်းကတော့ လတ်တလောမှာ တေလာဆွစ်ရဲ့ အချစ်ဇာတ်လမ်းသစ်တစ်ခု ပြန်လည်စတင်လာခဲ့လို့ပဲဖြစ်ပါတယ်။ တေလာဆွစ်နဲ့ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တဲ့ ချစ်သူသစ်လေးကတော့ ဗြိတိန်သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်သူ ဂျိုးအော်ဝင်န်ပဲ ဖြစ်ပါတယ်။

ဂျိုးအော်ဝင်န်ဟာ လတ်တလောမှာ အသက်(၂၆)နှစ်ရှိပြီဖြစ်တဲ့ ဗြိတိန်မင်းသားတစ်ဦးဖြစ်ကာ တေလာဆွစ်က သူနဲ့ဂျိုးအော်ဝင်န်တို့ရဲ့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး အထူးလျှို့ဝှက်ထားကြောင်းနဲ့ တေလာဟာ နယူးယော့ခ်မြောက်ပိုင်းမှာ အိမ်တစ်လုံးငှားရမ်းထားကာ သူ့ရဲ့ကိုယ်ပိုင်သီးသန့်ကမ္ဘာအဖြစ် ဖန်တီးထားကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



မိခင်၏နေအိမ်မှ ပြန်လည်ထွက်ခွာလာသည့် တေလာဆွစ်ကို တွေ့ရစဉ်။

လတ်တလောမှာ အသက်(၂၇)နှစ် အရွယ်ရှိပြီဖြစ်တဲ့ ပေါ့ပ်တေးသံရှင် တေလာဆွစ်ရဲ့ ချစ်သူသစ်လေး ဂျိုးအော်ဝင်န်ဟာ အခြားသောအရွယ်ရောက်ပြီးသူတွေနဲ့မတူဘဲ မိဘတွေနဲ့သာ အတူနေထိုင်နေတဲ့ သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူ့ရဲ့အကြောင်းကို ဟောလိဝုဒ်ပရိသတ်အတော်များများက သတိထားမိခဲ့ခြင်းမရှိပေမယ့် သည်ဟောလိဝုဒ်ရက်ပေါ်တာ သတင်းစာကတော့ ဂျိုးအော်ဝင်န်ဟာ ဟောလိဝုဒ်ရဲ့အလားအလာရှိတဲ့ မျိုးဆက်သစ်သရုပ်ဆောင်တစ်ဦးအဖြစ် ချီးကျူးဖော်ပြခဲ့ဖူးပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ရုံတင်ခဲ့တဲ့ အီရတ်စစ်ပွဲတွေအကြောင်း ပုံဖော်ထားတဲ့ ရုပ်ရှင် "Billy Lynn's Long Halftime Walk"မှာ အခြားသော နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ခရစ်စတင်းစတူးဝပ်၊ ဗင်ဒီဇယ်၊ ဂါရက်ထ်ဟတ်ဒ်လန်းချ်နဲ့ စတိဗ်မာတင်တို့နဲ့ တွဲဖက်ပါဝင်သရုပ်ဆောင်ခဲ့ကာ ယင်းရုပ်ရှင်ရုံတင်ချိန်မှာ တေလာဆွစ်ဟာ သူ့ရဲ့မိခင်နဲ့ သူငယ်ချင်းတွေနဲ့အတူ သွားရောက်ကြည့်ရှုခဲ့တာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင်သူဟာ မကြာသေးမီက ထုတ်လုပ်မှုတွေပြီးဆုံးကာ ရုံတင်ပြသဖို့ ပြင်ဆင်နေတဲ့ရုပ်ရှင် "The Favourite" မှာလည်း အော်စကာဆုရှင်မင်းသမီး အမ်မာစတုန်းနဲ့ တွဲဖက်သရုပ်ဆောင်ထားကြောင်းလည်း သိရပါတယ်။

ဒ့ါအပြင် သူဟာ တေလာဆွစ်ရဲ့ချစ်သူအဖြစ် လက်တွဲခဲ့တဲ့ "ဂျိုး"ဆိုတဲ့အမည်ကို ပိုင်ဆိုင်ထားခဲ့တဲ့ ပထမဆုံးသော ချစ်သူတော့မဟုတ်ခဲ့ပါဘူး။ တေလာဆွစ်ဟာ ဂျိုးအော်ဝင်န်နဲ့ လက်မတွဲမီက တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျိုးဂျိုနက်စ်နဲ့ လက်တွဲခဲ့ဖူးတာဖြစ်ပါတယ်။ ဂျိုးအော်ဝင်န်ဟာ သရုပ်ဆောင်တစ်ဦးအဖြစ်သာမက မော်ဒယ်လ်တစ်ဦးအဖြစ်လည်း လှုပ်ရှားနေသူဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလထုတ် "Vogue"မဂ္ဂဇင်းကြီးအတွက် ဓာတ်ပုံတွေကို တေလာဆွစ်ရဲ့ အခင်ဆုံးသော သူငယ်ချင်းတစ်ဦးဖြစ်တဲ့ ထိပ်တန်းမော်ဒယ် ဂျီဂျီဟာစ်ဒီနဲ့ တွဲဖက်ကာ ရိုက်ကူးပေးခဲ့ကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင်သူဟာ လေ့လာရတာကို ဝါသနာပါသူတစ်ဦးလည်း ဖြစ်ပါတယ်။ ချောမောတဲ့ရုပ်ရည်ကို ပိုင်ဆိုင်ထားတဲ့ ဂျိုးအော်ဝင်န်ဟာ အနုပညာလုပ်ငန်းမှာ သူ့ရဲ့ရုပ်ရည်ပေါ်မှာသာ မှီခိုနေခြင်းမရှိဘဲ အရည်အသွေးတွေ ပြည့်ဝသည်ထက်ပြည့်ဝစေဖို့ အနုပညာကျောင်းတွေကို တက်ရောက်သင်ယူခဲ့တာကို တွေ့ရပါတယ်။ ဂျိုးအော်ဝင်ဟာ လန်ဒန်မှာရှိတဲ့ နာမည်ကျော်အနုပညာကျောင်းတွေဖြစ်ကြတဲ့ "the Royal Central School of Speech "နဲ့ "Drama and City of London School"တို့မှာ တက်ရောက်သင်ယူခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။





မီဒီယာတွေက ဓာတ်ပုံရိုက်ယူနိုင်ခဲ့ခြင်းမရှိတာ လေးလခန့်ကြာခဲ့ပြီးနောက် မကြာသေးမီက "Shake It Off" တေးသီချင်းရဲ့ တေးသံရှင် တေလာဆွစ်ရဲ့ ဓာတ်ပုံတွေဟာ မီဒီယာစာမျက်နှာပေါ်မှာ ပြန်လည်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လေးလတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တေလာရဲ့ဓာတ်ပုံကို ရိုက်ယူထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာ ကျရောက်ခဲ့တဲ့ အမေများနေ့မှာ တေလာဆွစ်က သူ့ရဲ့မိခင်ဖြစ်သူ အန်ဒရီယာဆွစ်နဲ့ အတူအချိန်တွေကုန်ဆုံးဖို့ရာ မိခင်ဖြစ်သူ နေထိုင်ရာ နက်ရှ်ဗေလ်ရှိ နေအိမ်သို့ ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ နက်ရှ်ဗေလ်ကို တေလာဆွစ်ဟာ ကိုယ်ပိုင်ဂျက်လေယာဉ်နဲ့ ရောက်ရှိလာခဲ့တာဖြစ်ပြီး စနေနေ့ မွန်းလွဲပိုင်းမှာ မိခင်ဖြစ်သူရဲ့အိမ်ကို ဝင်သွားတဲ့ တေလာရဲ့ဓာတ်ပုံကို ရိုက်ယူထားနိုင်ခဲ့ပြီး နောက်နေ့မှာ မိခင်ရဲ့အိမ်မှပြန်လည်ထွက်ခွာလာတဲ့ တေလာကိုလည်း ဓာတ်ပုံရိုက်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက် နက်ရှ်ဗေလ်လေဆိပ်မှာ ကိုယ်ပိုင်ဂျက်လေယာဉ်နဲ့ ပြန်လည်ထွက်ခွာသွားတဲ့ တေလာဆွစ်ကိုလည်း သတင်းထောက်တွေက ဓာတ်ပုံရိုက်ယူထားနိုင်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ အချစ်ဇာတ်လမ်းသစ်မတိုင်မီ တေလာရဲ့နောက်ဆုံးတွဲခဲ့တဲ့ ချစ်သူကတော့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ တွမ်ဟစ်ဒဲလ်စတန်ပဲ ဖြစ်ပါတယ်။ တွမ်နဲ့ တေလာတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း တရားဝင်လမ်းခွဲခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။ အချစ်သစ်တွေနဲ့ မကြာမကြာတွေ့ရလေ့ရှိတဲ့ တေလာဆွစ်ဟာ လတ်တလောအချိန်အထိ နာမည်ကျော်များစွာနဲ့လက်တွဲခဲ့ဖူးပြီး သူနဲ့တွဲခဲ့တဲ့ချစ်သူတွေထဲမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ ဟယ်ရီစတိုင်၊ ဂျွန်မေရာတို့လို အထင်ကရသူတွေလည်း ပါဝင်နေတာဖြစ်ပါတယ်။ ဒီဂျေပညာရှင် ကယ်လ်ဗင်ဟဲရစ်နဲ့ လမ်းခွဲခဲ့ပြီးတဲ့နောက် တေလာနဲ့ လက်တွဲခဲ့တဲ့ ချစ်သူ တွမ်ဟစ်ဒဲလ်စတန်နဲ့ လတ်တလောမှာ သတင်းတွေထွက်နေတဲ့ ဂျိုးအော်ဝင်န်တို့နှစ်ဦးဟာတော့ သရုပ်ဆောင်မင်းသားတွေဖြစ်ကြတာ တွေ့ရပါတယ်။ ဒီတစ်ကြိမ် အချစ်ဇာတ်လမ်းသစ်မှာလည်း တေလာဆွစ်တစ်ယောက် ကံကောင်းပါစေလို့ဆုတောင်းပေးရင်း ကြယ်ပွင့်စုံတွဲသစ်ရဲ့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တရားဝင်ဖော်ထုတ်လာမယ့်နေ့ကိုလည်း တေလာဆွစ်ရဲ့ပရိသတ်တွေနဲ့အတူ ရင်ခုန်မျှော်လင့်မိနေပါတယ်။

**အေးပြည့်–စုစည်းသည်**

# တေးသီချင်းသစ်နဲ့ စံချိန်သစ်တင်ခဲ့တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာ မီနီတေးအယ်လ်ဘမ်သစ်နဲ့အတူ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Signal"ရဲ့ တေးဗီဒီယိုကို ထုတ်လွှင့်ပြသခဲ့ပြီး အဖွဲ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် အောင်မြင်မှုအသစ်တစ်ခုအဖြစ် စံချိန်သစ်ချိုးနိုင်ခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၅ ရက်မှာ အဖွဲ့ရဲ့ စတုတ္ထမြောက် မီနီတေးအယ်လ်ဘမ်ကို ထုတ်လွှင့်ခဲ့ပြီး ယင်းအယ်လ်ဘမ်နဲ့အတူ "Signal"တေးသီချင်းရဲ့ တေးဗီဒီယိုကိုလည်း ထုတ်လွှင့်ခဲ့ရာမှာတော့ အွန်လိုင်းပေါ်မှာရှိတဲ့ တေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့ပြီး မီနီတေးအယ်လ်ဘမ်ဟာ အနုပညာသက်တမ်းတစ်လျှောက် စတင်ထုတ်လွှင့်ခဲ့တဲ့ ၂၄ နာရီအတွင်း အရောင်းရဆုံးသော တေးအယ်လ်ဘမ်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယခင်က စံချိန်တင်ထားခဲ့တဲ့ TWICE ရဲ့ တေးအယ်လ်ဘမ် "TWICE coaster: LANE 1"ကတော့ တစ်ရက်တာအတွင်း တေးအယ်လ်ဘမ်ပေါင်း ၃၄၂၅၅ ခန့် ရောင်းခဲ့ရတာဖြစ်ပြီး လတ်တလောထုတ်လွှင့်ခဲ့တဲ့ "Signal" ကတော့ တေးအယ်လ်ဘမ်ပေါင်း ၄၂၄၄၄ ခန့် ရောင်းချခဲ့ရကာ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။





# ကိုယ်ပိုင်အိမ် ဝယ်ယူနိုင်ခဲ့ပြီ ဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း မင်္ဂလာပွဲကို တိတ်တဆိတ်ကျင်းပခဲ့ကြပြီး ဇနီးမောင်နှံနှစ်ဦးဟာ လက်ထပ်ပြီးစမှာ ရိန်းရဲ့ဖခင်ဖြစ်သူရဲ့နေအိမ်မှာ မိသားစုဝင်တွေနဲ့အတူ နေထိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကိုယ်ပိုင်အိမ်သီးသန့်ခွဲနေဖို့ပြင်ဆင်ခဲ့ကြပြီး လတ်တလောမှာတော့ မောင်နှံနှစ်ဦးအတွက် သီးသန့်နေအိမ်ကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ရိန်းနဲ့ ကမ်တေဟီးတို့ဟာ အီတေးဝန်မှာရှိတဲ့ ဈေးအလွန်ကြီးပြီး ဇိမ်ခံပစ္စည်းအပြည့်အစုံပါရှိတဲ့ နေအိမ်တစ်လုံးကို ဝယ်ယူခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

ရိန်းနဲ့ ကမ်တေဟီးတို့ရဲ့နေအိမ်ရဲ့ တန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းခန့်တန်ဖိုးရှိကြောင်းလည်း သိရပါတယ်။ မင်္ဂလာပွဲဆင်နွှဲခဲ့စဉ်က သာမန်မောင်နှံနှစ်ဦးလို ပကာသနကင်းမဲ့တဲ့ အခမ်းအနားမျိုးသာ ပြုလုပ်ခဲ့တဲ့ မောင်နှံနှစ်ဦးဟာ လတ်တလောမှာတော့ ဒီလိုတန်ဖိုးကြီးလွန်းလှတဲ့ နေအိမ်ကိုဝယ်ယူခဲ့ကာ တောင်ကိုရီးယားရဲ့ အချမ်းသာဆုံးသော ကြယ်ပွင့်စုံတွဲတွေထဲမှာ ပါဝင်နေကြောင်း သက်သေပြလိုက်တာဖြစ်တယ်လို့လည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

ရီးယဲလ်ကိုမပြောင်းဘဲ ချယ်လ်ဆီးတွင်ဆက်နေလျှင်လည်း ဘလွန်းဒီအောဆု ဆွတ်ခူးနိုင်တယ်လို့ဆိုလိုက်တဲ့ ဟာဇက်၊ စူပါလိဂ်ကို ရွန်းနီမပြောင်းရအောင် ကောလင်းတားမြစ်မယ့် အကြောင်းတရား၊ မန်ယူကသူ့အတွက် ပေါင်သန်း ၁၇၀ သုံးလိုက်မယ်လို့ သူငယ်ချင်းတွေကို ပြောလိုက်တဲ့နေမာ၊ အင်စတာဂရမ်က ဓာတ်ပုံကြောင့် တရုတ်ပရိသတ်တွေရဲ့ အမျက်သင့်ခံနေရပြီဖြစ်တဲ့ လာဗက်ဇီ၊ လက်ကျန်ပရီမီယာလိဂ်ပွဲကစားရတာကို အချိန်ဖြုန်းနေတာလို့ မော်ရင်ဟို ထင်မြင် စတဲ့ ဒီတစ်ပတ်အတွင်း ထူးခြားအားကစား သတင်းတွေကို တင်ဆက်လိုက်ပါတယ်။

## ချယ်လ်ဆီးမှာဆက်နေလည်းဘလွန်းဒီအောဆုရမယ်လို့ယုံကြည်နေတဲ့ဟာဇက်




ဟာဇက်ကို ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ကြိုးပမ်းနေတာ အားကစားလောကတွင်း ဂယက်ရိုက်နေတဲ့ အကြောင်းအရာပါ။ ဒါပေမယ့် ခုတော့ ဟာဇက်ပြောလိုက်တဲ့ စကားကြောင့်ရီးယဲလ်အတွက် စိတ်ပျက်စရာ ဖြစ်လာခဲ့ပြီ။ ဟာဇက်ကတော့ သူ့အနေနဲ့ ရီးယဲလ်ကို ပြောင်းမှသာ ဘလွန်းဒီအောဆု ရရှိမှာမဟုတ်ဘဲ ချယ်လ်ဆီးမှာ ဆက်နေလည်းပဲ ဘလွန်းဒီအော ရယူနိုင်စွမ်းရှိတယ်လို့ ဆိုလိုက်ပါတယ်။ သူကတော့ စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ ဘောလုံးလောကကနေ အနားယူချိန်ရောက်ရင် နေမာ၊ ဒိုင်ဘာလာ၊ ဂရစ်ဇ်မန်းတို့ ဘလွန်းဒီအောဆု ရနိုင်ခြေရှိတယ်လို့ ထင်မြင်ချက်ပေးခဲ့သလို သူကိုယ်တိုင်လည်း ချယ်လ်ဆီးအသင်းမှာ ဆက်နေပြီး ဘလွန်းဒီအောဆု ရယူနိုင်မယ်လို့ ယုံကြည်နေတာပါ။

လွန်ခဲ့တဲ့ ၁၀ စုနှစ်အတွင်း ဘလွန်းဒီအောဆုရရှိတဲ့ ကစားသမားတွေဟာ လာလီဂါမှာ ကစားတဲ့ ကစားသမားတွေသာ အများစု ဖြစ်နေပေမယ့် ၂၀၀၇ ခုနှစ်မှာ အေစီမီလန်ရဲ့ ကာကာ၊ ၂၀၀၈ ခုနှစ် မန်ယူကစားသမားစီရိုနယ်လ်ဒိုတို့ ဘလွန်းဒီအောဆုရရှိခဲ့ကြတယ်လို့ သူက ထောက်ပြပါတယ်။ ဒါပေမယ့် စီရိုနယ်လ်ဒိုရော ကာကာပါ ဘလွန်းဒီအောဆုရရှိပြီး သိပ်မကြာခင် လာလီဂါကိုပြောင်းရွှေ့လာကြတော့ လာလီဂါသာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေ စုဝေးရာလိဂ်ဖြစ်တယ်ဆိုတာ ဘယ်သူမှငြင်းလို့မရတဲ့ အချက်ဖြစ်နေပါတယ်။

## နေမာအတွက်ပေါင်သန်း ၁၇၀ သန်းသုံးဖို့ မန်ယူပြင်ဆင်လာပြန်


မန်ယူဟာ ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ကွင်းလယ်လူ ပေါ့ဘာကို ပေါင် ၈၉ သန်း သုံးစွဲခဲ့ပြီးနောက်မှာ ဂရစ်ဇ်မန်း၊ ဂျိမ်းရိုဒရီဂွက်ဇ်တို့ကိုလည်းမြင့်မားတဲ့ ပြောင်းရွှေ့ကြေးသုံးပြီး ခေါ်ဦးမယ်လို့ သတင်းတွေ ထွက်လာခဲ့ပါတယ်။ ခုတော့ ဘာစီလိုနာတိုက်စစ်မှူး နေမာက မန်ယူဟာ သူ့အတွက် ပေါင်သန်း ၁၇၀ သုံးစွဲဖို့ ကြိုးပမ်းနေတယ်လို့ သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို ပြောကြားခဲ့ပါတယ်။



နေမာဟာ ပြီးခဲ့တဲ့အောက်တိုဘာလကမှ ဘာစီလိုနာနဲ့ သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ပြီး အဲဒီစာချုပ်ထဲမှာ နေမာကို လိုချင်တဲ့အသင်းက လျော်ကြေးအဖြစ် ပေါင်သန်း ၁၇၀ ပေးချေရမယ်လို့ ပါရှိတာပါ။ ဒါပေမယ့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်ရဲ့ ကာလရှည် အနားယူရမယ့် ဒဏ်ရာကြောင့် မော်ရင်ဟိုက မိုဗစ်နေရာ ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးတစ်ဦးနဲ့ အစားထိုးဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ မန်ယူဟာနေမာအတွက် လက်မတွန့်ဘဲ ပေါင်သန်း ၁၇၀ သုံးဖို့ ဝန်မလေးပေမယ့် နေမာဘက်ကတော့ မန်ယူကိုလာမယ်၊ မလာမယ်ဆိုတာ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ကစားသမားတစ်ဦးကို မန်ယူက ခေါ်ချင်ရင် ဈေးတွေ နှစ်ဆနီးပါးတက်နေပြီး မန်ယူဟာ ကစားသမားတွေကို မတန်တဆပေးချေနေရတဲ့ အသင်းဖြစ်နေပါတယ်။

## ရွန်းနီ စူပါလိဂ်ကို ပြောင်းမယ့် ကိစ္စကို ကောလင်း တားမြစ်မယ့် အကြောင်းရင်း

ဘယ်သူမှ အိတ်ထဲကို ငွေတွေ လိမ့်ဝင်နေတာကို မကြိုက်တဲ့သူ မရှိလောက်ဘူးဆိုပေမယ့် ကောလင်းကတော့ ဒီလိုငွေတွေအများကြီးဝင်နေတာကိုပဲ မလိုလားလို့ ရွန်းနီကို စူပါလိဂ်ပြောင်းမယ့်ကိစ္စကို ရအောင်ဖျက်လိမ့်မယ်လို့ ရွန်းနီတို့မိသားစုနဲ့ နီးစပ်သူတွေရဲ့ အပြောအရ သိရပါတယ်။ ရွန်းနီကို တရုတ်စူပါလိဂ်ကလပ်အသင်းတစ်ခုက တစ်ပတ်လုပ်ခ ပေါင်တစ်သန်းနဲ့ ကမ်းလှမ်းခဲ့ပေမယ့် ကောလင်းကြောင့် ရွန်းနီ စူပါလိဂ်ကို ပြောင်း ဖြစ်တော့မှာ မဟုတ်လောက်ပါဘူး။ ဘာလို့ပါလဲ၊ ရွန်းနီဟာ လောင်းကစားအလွန်ဝါသနာပါသူဖြစ်ပြီး ၂၃၅ လောင်းကစားရုံမှာ ပေါင် ၅၀၀၀၀၀ အထိရှုံးဖူးတာကြောင့် ဝင်ငွေကောင်းလာရင် ရွန်းနီ လောင်းကစားဘက်ကို ပိုမိုအာရုံရောက်သွားမှာကို ကောလင်းက မလိုလားဘူးလို့ သိရပါတယ်။ မျက်မြင်တစ်ဦးကတော့ "ရွန်းနီဟာ လောင်းကစားနဲ့ပတ်သက်ရင် အတော်လေး ဆင်ခြင်မှုကင်းမဲ့တာပါ။ ငွေကြေးအများကြီးကို လောင်းကစားရုံမှာ သုံးနေတော့တာပါပဲ။ ရွန်းနီဟာ ဘီယာတစ်ပုလင်းလောက် အသာလေးသောက်နိုင်သူဖြစ်ပေမယ့် သူက အသောက်သမားမဟုတ်ဘဲ လောင်းကစားသမားပါ" လို့ ဆိုခဲ့ပါတယ်။ ရွန်းနီဟာ မန်ယူအသင်းမှာ တစ်ပတ်လုပ်ခပေါင် ၃၀၀၀၀၀ ရရှိနေပြီး စိတ်ဖိစီးမှုများတဲ့ ပရီမီယာလိဂ်မှာတောင် ရွန်းနီ ဒီလောက်လောင်းကစားဘက်ကို ဝါသနာပါနေရင် စူပါလိဂ်မှာဆို ဝင်ငွေပိုရ စိတ်ဖိစီးမှုလည်း လျော့နည်းနိုင်လို့ ကောလင်းက တားမြစ်ဖို့ကြိုးပမ်းနေတာဖြစ်ပါတယ်။ ကောလင်းကတော့ ဒီလောက်ဝင်ငွေတွေ များနေရင် ရွန်းနီအနေနဲ့ လောင်းကစားဘက်ကိုပိုပြီး စိတ်ရောက်ဖို့ အန္တရာယ်ကို ဖိတ်ခေါ်ရာရောက်တာကြောင့် စူပါလိဂ်ကို ရွန်းနီသွားရောက်မကစားဖို့ ကောလင်းကဆန္ဒရှိနေတာဖြစ်ပါတယ်။





## ဓာတ်ပုံတစ်ပုံကြောင့် တရုတ်ပရိသတ်တွေရဲ့အမျက်သင့်ခံနေရတဲ့ လာဗက်ဇီ



လာဗက်ဇီဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း တွစ်တာစာမျက်နှာပေါ် တင်ခဲ့တဲ့ ဓာတ်ပုံက မေလရောက်မှ တရုတ်ပရိသတ်တွေရဲ့ အကြီးအကျယ်အမျက်သင့်ခံနေရပါပြီ။ "လက်နှစ်ဖက်ကို နားထင်နားထောက်ပြီး စဉ်းစား" ဆိုတဲ့ အဓိပ္ပာယ်ရ ဒီဓာတ်ပုံဟာ ကမ္ဘာ့လုပ်ခလစာ အများဆုံးပေးနေရတဲ့ တရုတ်စူပါလိဂ် ပရိသတ်တွေအတွက်တော့ ခွဲခြားမှုအသွင်ဆောင်တယ်ဆိုတဲ့ စွပ်စွဲချက်ကို ထွက်လာစေခဲ့ပါတယ်။

လာဗက်ဇီဟာ ပြီးခဲ့တဲ့နှစ်ကပဲ ပီအက်စ်ဂျီကနေ ဟာဘေးဖော်ကျွန်းအသင်းကို ပြောင်းရွှေ့သွားခဲ့ပြီး တစ်ပတ်လုပ်ခပေါင် ၇၉၀၀၀၀ရရှိနေသူဖြစ်ပါတယ်။ အရင်က ရှန်ဟိုင်းရှန်ဟွာရဲ့ တိုက်စစ်မှူး ကာလို့စ်တီဗက်စ်ကို ကမ္ဘာ့လုပ်ခအများဆုံး ကစားသမားလို့ ထင်ခဲ့ကြပေမယ့် ဘွတ်ဘောလိဒ်စ်ရဲ့ ထုတ်ဖော်ချက်အရ လာဗက်ဇီက လုပ်ခလစာ အများဆုံး ခံစားခွင့်ရ ကစားသမားဖြစ်တယ်လို့ သိရပါတယ်။ သူ့ရဲ့ တစ်နှစ်လုပ်ခလစာက မက်ဆီရဲ့ လစာသုံးဆနီးပါး၊ စီရိုနယ်လ်ဒိုရဲ့ နှစ်ဆခန့်ရှိတာကြောင့် သူ့ကို ဒီလိုမတန်တဆ လစာချေနေရတဲ့အပေါ် လာဗက်ဇီကိုယ်တိုင်လျောင်ချင်နေသလား စဉ်းစားစရာပါ။ ဒီပုံကို Getty images ကနေ ဝယ်ယူနိုင်ပြီး တရုတ်ပရိသတ်တွေကတော့ လာဗက်ဇီကိုရော ဓာတ်ပုံဆရာကိုပါ ဒေါသထွက်နေကြတာပါ။ တရုတ်ပရိသတ်တွေကတော့ "ဒါဟာ လူမျိုးရေးခွဲခြားတာ။ ခွဲခြားမှုတွေကြောင့် တရုတ်ကနေ ခင်ဗျား ထွက်သွားလိုက်တော့" စတဲ့ ဒေါသတကြီး ရေးသားထားသော မှတ်ချက်များ ပလူပျံနေပြီဖြစ်ပါတယ်။

## လက်ကျန်ပရီမီယာလိဂ်ပွဲတွေကို အချိန်ဖြုန်းတာလို့ မြင်နေတဲ့ မော်ရင်ဟိုကြောင့် မန်ယူရှုံးပွဲကြုံရသလား

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒါပေမယ့် ဒီအခြေအနေကိုပဲ မန်ယူနည်းပြ မော်ရင်ဟိုက ကျေနပ်တယ်လို့ ဆိုခဲ့တာကြောင့် မန်ယူအသင်း ဒီပွဲစဉ်ကို အားစိုက်မကစားခဲ့ဘူးဆိုတာ ထင်ရှားပါတယ်။

မော်ရင်ဟိုက "လူ ၁၅ ယောက်နဲ့ ပြိုင်ပွဲနှစ်ရပ်လုံးကို ပြိုင်ဖို့ အဆင်မပြေပါဘူး။ အလောင်းအစားဆန်တာမျိုး ကျွန်တော်လုပ်မှာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ မဖြစ်မနေ ရွေးချယ်ရမယ့် အရာတစ်ခုက ရှိထားပြီးသားပါ။ ဒီအခြေအနေအတွက် ကျွန်တော်ပျော်ရွှင်ရပါတယ်" လို့ မော်ရင်ဟိုကဆိုခဲ့တာဖြစ်ပါတယ်။ မော်ရင်ဟိုရဲ့ အခု ပြောစကားက လက်ကျန်ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲဟာ မန်ယူအသင်း ယူရိုပါလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ချိန်မှာ အားလျော့သွားစေမယ့် အလကားသက်သက် အချိန်ဖြုန်းတဲ့ ပွဲစဉ်တွေလို့ ယူဆတယ်ဆိုတာ ထင်ရှားပါတယ်။

**မေလှဲ့သင်း စုစည်းသည်။**

NOBLE NOBLE NOBLE PRIVATE HIGH SCHOOL

နိုဘယ်(လ်) ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၂၀၁၇–၂၀၁၈ ပညာသင်နှစ်

သူငယ်တန်း KG မှ ၁၀ တန်း (တက္ကသိုလ်ဝင်တန်း) အထိ နေ့တက်နှင့် အဆောင်ကျောင်းအပ်လက်ခံနေပါပြီ

ကျောင်းချိန်ပြည့် ( နံနက် (၉) နာရီ မှ ညနေ (၃း၄၅) အထိ )
စတင်ဖွင့်လှစ်မည့်နေ့ မေလ – (၂၂) ရက်

ကျောင်းတက်ရက်များ – တနင်္လာ မှ သောကြာ အထိ (မူလတန်း နှင့် အလယ်တန်း)

လက်ခံသင်ကြားပေးမည့် ကျောင်းသား / သူ အရေအတွက် = (၇၀၀) ယောက်

နိုဘယ်(လ်) အဆင့်မြင့် မူကြို

ကျောင်းရုံးခန်း : ၆၅ လမ်း၊ မနော်ဟရီလမ်း နှင့် သံလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ကျောင်း : အောင်ဆန်းလမ်း၊ ၅၁လမ်း×၅၂လမ်းကြား၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့။

09-2040220, 09-777 888 125, 09-972 9999 07, 09-972 9999 08, 09- 6500 214, 09- 97 67 37 520



မူပိုင် - ဉာဏ်ဖြေမောင်မောင်(မေတ္တာပို့) မှ ဂါရဝပြုစီစဉ်ထုတ်လုပ်သည်၊ ဖုန်း - ၀၉ - ၅၁၀၈၉၅၄
ဖြန့်ချိရေး - ချိုကြည်သာတေးထုတ်လုပ်ရေး ဖုန်း - ၀၁ - ၅၃၆၇၂၈၊ ၀၉ - ၄၂၁၀၉၂၅၀၃

ချစ်သတ္တိ
ရင်တွင်းမေ
ချစ်သတိပြု
ကံကော်မြို့တော်
ချစ်စနိုး
ဟသ်ာတို့ရဲ့နန်းတော်ရွှေ
အခုတော့ပါးစပ်ရာဝင်လေးတစ်ခုဖြစ်လို့ကျန်ခဲ့ပြီ
ရွှေညာသူတွေမြ
အသည်းတစ်သောင်းဆိုင်ရှင်
မိုးဖွင့်ကြားကမျက်ရည်များ
မမ
ကိုယ့်ဘဝကိုနားလည်ပါ
ပဲပြုတ်သည်မထား

လွှမ်းမိုး
တမ်းတမ်းတတလက်ရွေးစင်တေးများ
(လွှမ်းမိုး ၏ ပထမဦးဆုံးမူရင်းတေးများ)

တေးဂီတ
The King
The Rays
အသံဖမ်း
ရဲခေါင်(မေ)
Graphic Design: Wynn Naing

Audio CD ထွက်ပြီ

ကိုလွှမ်းမိုးအားကြင်နာမပွား၊သနားမရှိ၊ပကတိကြမ်းကြုတ်လှစွာသောမရဏမင်းကအတင်းခေါ်ဆောင်သွားတာယနေ့ဆို(၁၆)နှစ်ပြည့်ပါတော့မယ်၊ကိုလွှမ်းမိုးနဲ့ပတ်သက်ပြီးကျွန်တော့်ကိုမေးခွန်းပေါင်းများစွာမေးခဲ့ကြပါတယ်၊ဘယ်လိုပုံစံနဲ့မေးမေးကျွန်တော်စိတ်ရှည်လက်ရှည်ပြန်ဖြေလေ့ရှိပါတယ်၊အဲဒီလိုမေးတာကိုကကိုလွှမ်းမိုးကိုချစ်နေတုန်း၊သတိရနေတုန်း၊ရင်ထဲမှာရှိနေကြတုန်းပဲလို့ကျွန်တော်စံယူပြီးဝမ်းသာပီတိဖြစ်မိပါတယ်။

ဒါကြောင့်ကျွန်တော့်ရဲ့ ဂီတကျေးဇူးရှင် ကိုလွှမ်းမိုးကိုဂါရဝပြုကျေးဇူးဆပ်တဲ့အနေနဲ့ကျွန်တော်ဉာဏ်ဖြေမောင်မောင်(မေတ္တာပို့)၀၉-၅၁၀၈၉၅၄မူပိုင်ထုတ်လုပ်ခဲ့တဲ့တေးသီချင်းစီးရီး(၄)ခွေထဲကကိုလွှမ်းမိုးရဲ့မူရင်းတေးများကိုစိတ်ကြိုက်ရွေးချယ်ကာ "တမ်းတမ်းတတလက်ရွေးစင်တေးများ" ဟု အမည်ပေးလျှက် Audio CD အဖြစ်တစ်နိုင်ငံလုံးသို့မူပိုင်ထုတ်လုပ်ဖြန့်ချိလိုက်ပါတယ်။

လက်ရွေးစင်တေးများနဲ့အတူတေးသီချင်းစာသား(၁၃)ပုဒ်၊ ကိုလွှမ်းမိုးရဲ့ဘဝဖြစ်စဉ်၊ကိုလွှမ်းမိုးရဲ့ငယ်စဉ်ဘဝဂီတစရီးမှတ်တမ်းဓာတ်ပုံများ၊ဂီတစရီးဖြတ်သန်းမှု၊အမှတ်တရဓာတ်ပုံများ၊ကိုလွှမ်းမိုးရဲ့ရင်တွင်းစကားများ ၊ ကျေးဇူးစကားများ ၊ နလုံးသားစံစားချက်ကာရံများ ၊ နောက်ဆုံးနှုတ်မဆက်ပဲရုတ်တရက်ခွဲခွာသွားခြင်း၊ဂီတမောင်နမများနှင့်အမှတ်တရဓာတ်ပုံများ၊ဂီတမိတ်ဆွေများနှင့်အမှတ်တရဓာတ်ပုံများ၊ဘဝခရီးဖော်ချစ်ဇနီးမနနရီနှင့်အမှတ်တရဓာတ်ပုံများကိုဝေဝေဆာဆာစုံစုံလင်လင်စုစည်းကာ တမူထူးခြားစွာဖြင့် တင်ပြထားပါတယ်။

တစ်နိုင်ငံလုံးဖြန့်ချိရေးအတွက် ချိုကြည်သာတေးထုတ်လုပ်ရေး ဖုန်း-၀၁-၅၃၆၇၂၈၊ ၀၉-၄၂၁၀၉၂၅၀၃ မှတာဝန်ယူဖြန့်ချိလိုက်ပါပြီ။

ဂျပန်နိုင်ငံသို့ပညာတော်သင် (ဂျပန်ဘာသာစကား)
(တက္ကသိုလ် - ကောလိပ် - ဂျပန်ဘာသာစကားကျောင်း)
ပညာတော်သင်သွားနိုင်သောကာလ - OCTOBER, APRIL
MAY လ TERM မကြာမီစတင်ပါမည်။ ※ 23 MAY 2017 START

ELE CLASS - TUE, THURS PM 1:30 ~ 5:00 (35000 Ks For 1.5 Month)
ELE SPEAKING - TUE, THURS PM 2:30 ~ 5:00 (35000 Ks For 1.5 Month)

- တိုကျိုမြို့ရှိကျောင်းများသို့ စိတ်ချယုံကြည်စွာဖြင့် ပညာသင်ရန်ဤကျောင်းမှသွားရောက်နိုင်ပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလအထိကျောင်းသားအယောက်(840)ခန့်ပို့ဆောင်နိုင်ခဲ့သည့် ခိုင်မာသောကျောင်းတစ်ခုဖြစ်ပါသည်။
- ဂျပန်ပညာတော်သင်သွားရန်နှင့် ဂျပန် ကုမ္ပဏီများတွင် အလုပ်ဝင်ရန်အတွက်အထောက်အကူဖြစ်နိုင်သော GNK စာမေးပွဲကို May 28 (SUN) တွင် ကျင်းပပါမည်။

ဖြေဆိုနိုင်မည့် Course - A Course , B Course
စာရင်းပေးသွင်းရမည့်ရက် - ၁၇-၅-၂၀၁၇ မှ ၂၆-၅-၂၀၁၇ အထိ
စာမေးပွဲကြေး - 30000 ကျပ်
အချိန် - မနက် ၉း၃၀ မှ ၁၂း၀၀ အထိ
နေရာ - MYANMAR LOGOS JAPANESE LANGUAGE CENTRE




[စုံစမ်းမေးမြန်းခြင်း]
TEL: 01-558395,01-559534 AM 9:00 ~ PM 4:00
ADDRESS: NO.801,8FLOOR,YUZANA CONDORE TOWER,KOHMINKOHCHIN ROAD, BAHAN TOWNSHIP,YANGON.
MYANMAR LOGOS JAPANESE LANGUAGE CENTRE

MHR Since 1998 Myanmar Human Resources Institute

IGCSE, SAT, High School Graduate ပြီးပြီ ... Management အကြောင်းသိဖို့ ... ABE တက်မယ် !!!
University တက်ရင်း ... Management အကြောင်းသိချင်တယ် ... ABE တက်မယ် !!!
ဘွဲ့ရပြီးပြီ ... Management နဲ့ အလုပ်ဝင်ဖို့ ... ABE တက်မယ် !!!
လက်ရှိအလုပ်ထက် ရာထူးကောင်းပြီး ... လစာတိုးဖို့ ... ABE တက်မယ် !!!
သူတို့အားလုံး ရွေးချယ်တဲ့ ... ABE ကို ... MHR မှာ တက်ကြစို့ !!!

abe



ENROLL NOW !!!
Starting Date : 28th May 2017
www.mhr-mm.com
Room-905, 9th Floor, Thanzay Condo, Lanmadaw Street, Latha Township, Yangon, Myanmar, 11181.
Tel : +95 1 395802, 2316168, +95 9 250007070 Email : info @ mhr-mm.com / mhrmyanmar @ gmail.com

Winner Super Diamond Pile Co., Ltd.
W.S.D Group

GUARDIAN INDEPENDENT CERTIFICATION GIC UKAS QUALITY MANAGEMENT 045
ISO 9001:2015 Cert. No. 734649



W.S.D Pile
YCDC Licence No.PL-12, MCDC Licence No.PI-006
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊ မန္တလေး။
Ph: 09-265820507
Facebook: Winner Super Diamond Piling Co.,Ltd



ပဲခူးတိုင်းဒေသကြီး မင်းလှ-စိန်ကန့်လန့်လမ်း မိုင်တိုင်အမှတ်(၁၆/၄)ရှိ ကျွန်းစိုက်ခင်း ဧက ၁၀၀ ရှိ ကျွန်းပျိုးပင်များ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

# ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုများ ဒုတိယသမ္မတ ဦးမြင့်ဆွေ လှည့်လည်စစ်ဆေး

**နေပြည်တော် မေ ၁၇**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်းပေါ်ရှိ တံတားအမှတ်(၂/၇) သိုင်းချောင်းတံတား တည်ဆောက်ပြီးစီးမှု၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ကျွန်းကုန်းလမ်းနှင့် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

# အိုဟောင်း ဘတ်စ်ကားများ သတ်မှတ်ရက်အတွင်း မအပ်နှံပါက လုပ်ငန်းလိုင်စင်သိမ်း၍ လူစီးစလစ်ထုတ်ပေးခြင်း ပယ်ဖျက်မည်

**ရန်ကုန် မေ ၁၇**

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်များအနက် ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများကို အပ်နှံ၍ လူစီးယာဉ်စလစ် ထုတ်ပေးလျက်ရှိရာ လာမည့် ဇွန် ၂၀ ရက်တွင် နောက်ဆုံးအပ်နှံခြင်းမပြုပါက လုပ်ငန်းလိုင်စင်ပိတ်သိမ်း၍ လူစီးယာဉ် စလစ်ထုတ်ယူခြင်းကို ပယ်ဖျက်မည်ဖြစ်ကြောင်း ပုဂ္ဂလိကယာဉ်ပိုင်ရှင်များထံမှ သိရသည်။

သက်တမ်း နှစ် ၂၀ နှင့်အထက် အိုဟောင်းဘတ်စ်ကားများကို အစားထိုးလဲလှယ်သည့် အစီအစဉ်အရ ၁၉၉၅ ခုနှစ် မော်ဒယ်နှင့်အောက် ခရီးသည်တင်ဘတ်စ်ကားများကို အပ်နှံ၍ လူစီးယာဉ်စလစ် ထုတ်ပေးခြင်းကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ပြီး လက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ လာမည့် ဇွန် ၂၀ ရက်တွင် အဆိုပါယာဉ်များကို နောက်ဆုံးထားအပ်နှံရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက လုပ်ငန်းလိုင်စင်သိမ်းကာ လူစီးစလစ်ထုတ်ပေးခြင်းကို ပယ်ဖျက်သွားမည်ဟု မေ ၁၅ ရက်က ပြုလုပ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် YBS ယာဉ်လိုင်းများအစည်းအဝေးတွင် ဝန်ကြီးက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သည့် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များထံမှ သိရသည်။

"ကျွန်တော်တို့က ၉၅ မော်ဒယ်အောက်ကားတွေ တော်တော်များများ အပ်ပြီးပါပြီ။ နည်းနည်းပဲကျန်ပါတော့တယ်။ အခုလည်း ကားသစ်တွေ

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖**

# ရှမ်းယူနိုက်တက်နှင့် လက်ရှိချန်ပီယံမကွေး ဂိုးပြတ်အနိုင်ရ

**ရန်ကုန် မေ ၁၇**

၂၀၁၇ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့်(တတိယနေ့)ပွဲစဉ်များကို သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းနှင့် မကွေးအသင်းတို့ အနိုင်ရရှိခဲ့သည်။

**(သုဝဏ္ဏကွင်း)**
**ရှမ်းယူနိုက်တက် - ခြောက်ဂိုး**
**စီးတီးစတား - ဂိုးမရှိ**

MNL ထိပ်သီးကလပ် ရှမ်းယူနိုက်တက်အသင်းသည် ပထမတန်းကလပ် စီးတီးစတားအသင်းကို ဂိုးပြတ်သွင်းယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကွာတားဖိုင်နယ်တွင် လက်ရှိချန်ပီယံ မကွေးအသင်းနှင့် နှစ်ကြိမ်ဆက်တိုက် တွေ့ဆုံမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အဓိကတိုက်စစ်မှူးခရစ္စတိုဖာကို အနားပေးခဲ့သော်လည်း နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ထို့အပြင် အသစ်ခေါ်ထားသည့် ဒွေးကိုကိုချစ်ကိုလည်း ပွဲစကတည်းက အသုံးပြုခဲ့သည်။ စီးတီးစတားအသင်းသည် ရှမ်းယူနိုက်တက်အသင်း၏တိုက်စစ်ကို ပိတ်ဆို့ကာ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သော်လည်း ပွဲအစ ခြောက်မိနစ်တွင် ခံစစ်ပိုင်းအမှားကြောင့် ဂိုးစပေးခဲ့ရသည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို အသစ်ခေါ်ထားသည့် တောင်ကိုရီးယားတိုက်စစ်မှူး ဟန်ဘူဂျင်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားပုံပိုကောင်းလာပြီး ၄၇ မိနစ်တွင် ဟန်ဘူဂျင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ပွဲကို ထိန်းချုပ်ကစားသွားခဲ့ပြီး မိနစ် ၆၀ တွင် ဒွေးကိုကိုချစ်က ထောင့်ကန်ဘောမှတစ်ဆင့်

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ◯**



ရှမ်းယူနိုက်တက်အသင်း စီးတီးစတားအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။